The Mirror

၁၃၇၀ ပြည့်နှစ်၊ နယုန်လဆန်း ၂ ရက်၊ ကြာသပတေးနေ့ (5-6-2008) (၅၇၀၀)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းတွင် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ရေလုပ်ငန်းသုံး ပစ္စည်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေး မဖြစ်မနေ ဆောင်ရွက်ရမည့်အခြေအနေတွင် မူလအနေအထားထက် ပိုမိုတိုးတက်မြင့်မားအောင် တည်ဆောက်ပေးမည်ဆိုသော ရည်မှန်းချက်ဖြင့်ဆောင်ရွက် စိုက်ပျိုးရေးတွင် မူလစိုက်ကေထက်မလျော့ဘဲ စိုက်ပျိုးနိုင်ရေးနှင့် စက်မှုလယ်ယာသို့ ကူးပြောင်းရေးစီစဉ်

ရေလုပ်ငန်းအတွက်လည်း သုံးစွဲလေ့ရှိသည့် ပိုက်အမျိုးအစားနှင့်လှေများ ကူညီဆောင်ရွက်ပေး

နေပြည်တော် ဇွန် ၄

ဧရာဝတီတိုင်း ပုသိမ်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်၊ ဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရတင်အောင်မြင့်ဦး၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးအောင်ထွေးနှင့် ဒုတိယဗိုလ်ချုပ်ကြီးတင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဒုတိယဗိုလ်ချုပ်ကြီးစိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးမြင့်လှိုင်နှင့် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်၊ စစ်ရေးချုပ် ဗိုလ်ချုပ် သူရမြင့်အောင်၊ ဧရာဝတီတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် ကျော်ဆွေ၊ အမျိုးသား သဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဝင်ဝန်ကြီးများ၊ အစိုးရအဖွဲ့ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဌာနဆိုင်ရာအကြီးအကဲများ လိုက်ပါလျက် ဇွန် ၃ရက် နံနက် ၇နာရီ မိနစ် ၅၀ တွင် ရဟတ်ယာဉ်များဖြင့် ပုသိမ်မြို့မှ ငပုတောမြို့နယ် အုတ်တွင်းကျေးရွာသို့ သွားရောက်ကြပြီး ရှေးဦးစွာ အုတ်တွင်းကျေးရွာ ပတ်ဝန်းကျင်ဒေသများ လေမုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ဒေသအလိုက် ပြန်လည်တည်ဆောက်ရေးလုပ်ငန်း ဆောင်ရွက်ထားမှုများကို ရဟတ်ယာဉ်ဖြင့် လှည့်လည်ကြည့်ရှုကြသည်။

စာမျက်နှာ ၈ ကော်လံ ၁ သို့ ☆

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့် အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေး ဦးတည်ချက် (၄)ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေး ဦးတည်ချက် (၄)ရပ်

- တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငပုတောမြို့နယ် အုတ်တွင်းကျေးရွာ ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် ပြည်သူများအား လေမုန်တိုင်းဒဏ်ခံခဲ့ရသည့်ဒေသများ ပြန်လည်တည်ဆောက်ရေး၊ဒေသခံပြည်သူများ၏ စားရေး၊ နေရေး၊ အသက်မွေးကြောင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

အတည်ပြုဖောင် ၃း၀၀

ကြေးမုံ The Mirror
၅-၆-၂၀၀၈
(ကြာသပတေးနေ့)

သက်ရှိများ ရေရှည်တည်တံ့ ရှင်သန်ရေး သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်

ကမ္ဘာပေါ်ရှိ လူသားများအပါအဝင် သက်ရှိအားလုံး၏ပတ်ဝန်းကျင်တွင် လေထု၊ ရေထု၊ မြေထု၊ သစ်ပင်၊ တောတောင်၊ သဘာဝသယံဇာတပစ္စည်းများ ဝန်းရံနေသည်။ ကမ္ဘာ့လူသားအားလုံး ဖူလုံပြည့်စုံစွာ စားသောက်နေထိုင်နိုင်ရေး၊ သက်ရှိအားလုံး ဆက်လက်ရှင်သန်နိုင်ရေးတို့အတွက် သဘာဝပတ်ဝန်းကျင် ကောင်းမွန်မှုရှိနေရမည်ဖြစ်သည်။

မျက်မှောက်ကာလတွင် ကမ္ဘာကြီးပူနွေးလာမှုနှင့်အတူ ရာသီဥတုပြောင်းလဲလျက်ရှိသည်။ ရာသီဥတုပြောင်းလဲလာမှုများကြောင့် ကမ္ဘာ့နေရာဒေသအနှံ့အပြားတွင် မုန်တိုင်းတိုက်ခတ်ခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ အပူလှိုင်းကျရောက်ခြင်း၊ ဆီးနှင်းထူထပ်စွာ ကျရောက်ခြင်း၊ မြေဆီလွှာများ ကွဲအက်ခြောက်သွေ့ခြင်းစသည့် သဘာဝပတ်ဝန်းကျင်ပျက်ယွင်းမှုများ ဖြစ်ပေါ်နေပြီဖြစ်သည်။

ယင်းသို့သော အကြောင်းတရားများကြောင့် ကမ္ဘာ့နိုင်ငံတိုင်းက သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းပျက်စီးမှုများ မရှိစေရေးအတွက် အလေးထားဆောင်ရွက်နေကြသည်။ ကမ္ဘာ့နိုင်ငံအသီးသီးက နှစ်စဉ် ဇွန်လ ၅ ရက်နေ့ကို **ကမ္ဘာ့ပတ်ဝန်းကျင်ထိန်းသိမ်းရေးနေ့** အဖြစ် သတ်မှတ်ပြီး အခမ်းအနားများ ကျင်းပကာ သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုများနှင့် ဆက်စပ်ဖြစ်ပေါ်လာနိုင်သည့် အန္တရာယ်များမှ ကာကွယ်ထိန်းသိမ်းနိုင်ရေး ပညာပေးလှုံ့ဆော် တိုက်တွန်းမှုများ ပြုလုပ်လျက်ရှိသည်။

ကမ္ဘာကြီးပူနွေးလာမှု၏ ၉၀ ရာခိုင်နှုန်းသည် လူသားတို့၏ လုပ်ဆောင်မှုကြောင့်ဖြစ်သည်ဟု ပညာရှင်များက သုံးသပ်ကြသည်။ ၁၉၉၀ ပြည့်နှစ်မှစ၍ ကမ္ဘာ့အပူချိန်မြင့်မားလာပြီး ၂၀၀၈ ခုနှစ်သည် အပူဆုံးနှစ်ဖြစ်ကြောင်း ကမ္ဘာ့မိုးလေဝသနှင့် အပူချိန်မှတ်တမ်းများအရ သိရသည်။

မှန်လုံအိမ်အာနိသင် တိုးမြင့်လာခြင်းသည် ကမ္ဘာကြီးပူနွေးလာစေသည့်အကြောင်းရင်းတစ်ခုဖြစ်ရာ ကာဗွန်ဒိုင်အောက်ဆိုဒ် ထုတ်လွှတ်မှု ပမာဏ ကြီးမားမှုမရှိစေရန် မှန်လုံအိမ်အာနိသင်များ လျှော့ချကြရမည်ဖြစ်သည်။ ကာဗွန်ဓာတ်ထုတ်လွှတ်မှု လျှော့ချရေးအတွက် လောင်စာသုံးယာဉ်များ လျှော့၍သုံးခြင်း၊ ဇီဝလောင်စာများ ပိုမိုထုတ်လုပ်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်များကို စုပ်ယူနိုင်သည့် သစ်တောများ မပြုန်းတီးရေးတို့အတွက် ကာကွယ်စောင့်ရှောက်ခြင်းလုပ်ငန်းများကို ပိုမိုဆောင်ရွက်သွားကြရမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးကော်မရှင်ကို ဖွဲ့စည်းပြီး သစ်ပင်၊ သစ်တောများ စိုက်ပျိုးထိန်းသိမ်းရေး၊ ဇီဝမျိုးစုံမျိုးကွဲများထိန်းသိမ်းရေး၊ တောရိုင်းတိရစ္ဆာန်များနှင့် သစ်ပင်ပန်းမန်များ ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများကိုဖော်ဆောင်လျက်ရှိသည်။ လေထုညစ်ညမ်းမှု၊ ရေထုညစ်ညမ်းမှု၊ မြေပြင်ညစ်ညမ်းမှုနှင့် သစ်တောပြုန်းတီးမှုတို့သည် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ယိုယွင်းမှုများကို ဖြစ်ပေါ်စေသဖြင့် ပြည်သူများအားလုံးက နိုင်ငံတော်အစိုးရနှင့်အတူ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေး လုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြခြင်းဖြင့် သက်ရှိများအားလုံး ရေရှည်တည်တံ့နိုင်မည် ဖြစ်ပါသည်။ ။

မုန်တိုင်းဒဏ်ကြောင့် ပျက်စီးခဲ့သော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် လင်းလွန်းရပ်ကွက် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်ကြီး ပြန်လည်ပြုပြင်ရန်အတွက် ရုပ်ရှင်သရုပ်ဆောင် အကယ်ဒမီ စိုးမြတ်သူဇာနှင့်အဖွဲ့က အလှူငွေကျပ် နှစ်သိန်းကို ဆရာတော် ဘဒ္ဒန္တဥတ္တမာစာရထံ ဆက်ကပ်လှူဒါန်းစဉ်။

[ကျောင်းဆောင်များ ပြန်လည်ပြုပြင်ရန်အတွက် လှူဒါန်းလိုသူ အလှူရှင်များအနေဖြင့် လင်းလွန်းပင်ပရိယတ္တိစာသင်တိုက်သို့ ကိုယ်တိုင်လာရောက်၍ဖြစ်စေ ဖုန်း -၀၁-၅၃၇၆၅၇ သို့ ဆက်သွယ်၍ဖြစ်စေ လှူဒါန်းနိုင်ကြောင်း သိရသည်။] (မြို့နယ်ပြန်/ဆက်)

ပြည်သူ့သဘောထား

- ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော် တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
- ပြည်တွင်း ပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ငွေလှူဒါန်း

ရန်ကုန် ဇွန် ၄

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်၊ အလှူရှင်များက အလှူငွေများ နေ့စဉ်လှူဒါန်းလျက်ရှိရာ ဇွန် ၃ ရက် နံနက်ပိုင်းတွင် ဆောက်လုပ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်းနှင့် ဇနီးမိသားစု၊ ဝန်ထမ်းမိသားစုများက လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက် အလှူငွေကျပ် ၅၅ သိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဝန်ထမ်းများက ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်) မေခလာခန်းမသို့ လာရောက်လှူဒါန်းရာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်နှင့် တာဝန်ရှိသူများက လက်ခံကြပြီး ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။ (သတင်းစဉ်)

ဆောက်လုပ်ရေး ဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ် စောထွန်းနှင့် ဇနီး မိသားစု၊ ဝန်ထမ်းမိသားစုများက လေဘေးသင့်ဒေသရှိ မိဘမဲ့ကလေးများအတွက်အလှူငွေကျပ် ၅၅ သိန်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်မြင့်သိန်းနှင့် ဝန်ထမ်းများက လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် ကျော်မြင့်ထံ ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေများ လာရောက်လှူဒါန်း

ရန်ကုန် ဇွန် ၄

မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ပြည်တွင်း/ ပြည်ပမှ စေတနာရှင်၊ အလှူရှင်များက အလှူငွေများအား ဆက်လက်လှူဒါန်းလျက်ရှိရာ ဇွန် ၃ ရက်က ရန်ကုန်တိုင်း ရန်ကင်းမြို့နယ်ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန မြန်မာနိုင်ငံတော်ဗဟိုဘဏ် (ရန်ကုန်ရုံးခွဲ) မုန်တိုင်းဒဏ်သင့် ဒေသပြည်သူများအတွက် အလှူငွေလက်ခံရာဌာန၌ အလှူရှင်များက လှူဒါန်းကြသော အလှူငွေများကို ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီ ဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေက လက်ခံယူသည်။

လှူဒါန်းကြသော အလှူရှင်များမှာ ဦးလှအောင်ရွှေနှင့် ဒေါ်အေးအေးသိန်း၊ သား ကိုထွန်းမြတ်အောင်ရွှေ၊ အာကာထက်အောင်ရွှေ၊ စမ်းချောင်းမြို့နယ်က ကိုထွန်းမြတ်အောင်ရွှေ၏ (၁၈) နှစ်ပြည့် မွေးနေ့အတွက် ငွေကျပ်သုံးသိန်း၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံသံရုံးမှ First Secretary Mr.Kuang-Jin CHOI က ငွေကျပ် ၃၆၅၀၀၀၊ ဦးကိုကိုဦးနှင့် ဒေါ်သန်းအေး(ချမ်းမြေ့ကြွယ်)ရန်ကုန်-ကျိုက္ခမီ ခရီးသည်ပို့ဆောင်ရေး၊ ဘုရင့်နောင်က ငွေကျပ်သိန်း ၂၀၊ အကောက်ခွန်ဦးစီးဌာန ဝန်ထမ်းဟောင်းများအသင်းက ငွေကျပ်တစ်သိန်း၊ မြောက်ဥက္ကလာပမြို့နယ်မှ ဦးလှမြင့်မိသားစုက ငွေကျပ်တစ်သိန်း၊ ခနောင်မြို့နယ်မှ (ဦးချစ်တင်)နှင့် ဒေါ်ယဉ်လှ မိသားစုက ငွေကျပ်တစ်သိန်း၊ Hide San (Touyou Shokudou) က ငွေကျပ် ၅၂၀၀၀၀၊ ဒိုက်ဦးမြို့နယ်မှ ဦးစိုးဝင်း၊ ဦးစိုးလင်းအောင်က ငွေကျပ်တစ်သိန်း၊ မြောက်ဒဂုံမှ မောင်သက်ဦးဆွေ၊ မရွှေရည်မွန် (မောင်နှမနှစ်ယောက်) က ငွေကျပ်သုံးသောင်း၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဂေါ်ရခါးဟိန္ဒူ ဓမ္မအဖွဲ့ချုပ်က ဒုတိယအကြိမ် လှူဒါန်းငွေကျပ် သိန်း ၅၀၊ မှော်ဘီမြို့မှ ဦးအောင်ဒင်နှင့် ဒေါ်လှသန်း မိသားစုက ငွေကျပ်ငါးသောင်း၊ ပိန္နဲကုန်းရခိုင်ဂျာမေဗလီကြီး ကြီးကြပ်ရေးကော်မတီနှင့် ဗလီအဖွဲ့ဝင်များက ငွေကျပ်သိန်း၅၀၊ တောင်ဥက္ကလာပမှ ဒေါ်မမကြည် မိသားစုက ငွေကျပ် ၁၅၀၀၀၊ Anwarul Haque & M. Yusuf Co.L.L.C, Kingdom of Saudi Arabia က ငွေကျပ်သိန်း ၁၀၀၊ Bangkok Bank Public Co,Ltd; Special Affairs Sec; က အမေရိကန်ဒေါ်လာ၃၀၇၅၃ဒသမ၃၇၊ ဘရူနိုင်းဒါရုဆလမ်နိုင်ငံ သံရုံးမှတစ်ဆင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံအစိုးရက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀ သိန်းတို့ဖြစ်ပြီး ဇွန်၃ ရက်က လက်ခံရရှိသည့် အလှူငွေစုစုပေါင်းမှာ ငွေကျပ် ၂၃၆၈၀၀၀၀၊ နှင့် အမေရိကန်ဒေါ်လာ ၁၀၃၀၇၅၃ ဒသမ ၃၇ တို့ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဘဲ့တံဆိပ်တော်ရ ဆရာတော်အားဂုဏ်ပြုပူဇော်ပွဲ

ရန်ကုန် ဇွန် ၄

နိုင်ငံတော် က သာသနာတော်ဆိုင်ရာ အဂ္ဂမဟာဂန္ထဝါစကပဏ္ဍိတ ဘွဲ့တံဆိပ်တော် ဆက်ကပ်ခြင်းခံရသော ရန်ကုန်တိုင်း စမ်းချောင်းမြို့နယ် ဇေယျဝတီစာသင်တိုက် သုခဝါသီကျောင်းဆရာတော် ဘဒ္ဒန္တဇာဂရအား ဦးခင်မောင်လင်း-ဒေါ်နုနုလှိုင် မိသားစုနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက ဂုဏ်ပြုပူဇော်ပွဲကို ဇွန် ၈ ရက်နံနက် ၇နာရီတွင် ဇေယျဝတီစာသင်တိုက် အတုလမာရဇိန် မဟာသိမ်တော်ကြီး၌ကျင်းပမည်ဖြစ်သည်။

ဇွန် ၇ ရက် ည ၇နာရီတွင် ညောင်ကုန်းဇေယျဝတီကျောင်း ဆရာတော် ဘဒ္ဒန္တစန္ဒာဝရ လယ်တီဆရာတော်က နိဗ္ဗာန်ရောက်ကြောင်းတရားချီးမြှင့်မည်ဖြစ်ပါ၍ တရားတော်နာကြွရောက်ပါရန် ဖိတ်ကြားထားသည်။ (က-ပ)

ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီဥက္ကဋ္ဌ၊ ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေထံ မုန်တိုင်းတိုက်ခတ်ခံရသော ဒေသများအတွက် ဘရူနိုင်း ဒါရုဆလမ်နိုင်ငံသံရုံးမှတစ်ဆင့် ဘရူနိုင်းဒါရုဆလမ်နိုင်ငံအစိုးရက လှူဒါန်းငွေ အမေရိကန်ဒေါ်လာ ၁၀ သိန်း ပေးအပ်လှူဒါန်းစဉ်။ (ဘဏ္ဍာ/အခွန်)

စက်ခလုတ်နှိပ် ဖွင့်လှစ်

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း) ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ် မုံးရင်ရေလှောင်တမံ ကမ္ပည်းကျောက်စာကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးစဉ်။
(သတင်းစဉ်)

ရှမ်းပြည်နယ်(မြောက်ပိုင်း) နမ္မတူမြို့နယ်ရှိ မုံးရင်ရေလှောင်တမံ ဖွင့်ပွဲကျင်းပ ဒေသတွင်း သောက်သုံးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့်အပြင် နွေစပါး၊မိုးစပါးနှင့် ရာသီသီးနှံများတစ်နှစ်ပတ်လုံးပိုမိုစိုက်ပျိုးနိုင်မည်

နေပြည်တော် ဇွန် ၄

ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီးရှိ မုံးရင်ရေလှောင်တမံဖွင့်ပွဲကို မေ ၃၁ ရက် နံနက်၉နာရီခွဲတွင် အဆိုပါရေလှောင်တမံ၌ ကျင်းပရာ အခမ်းအနားသို့ ရှမ်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(မြောက်ပိုင်း)ဥက္ကဋ္ဌ၊ အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်၊ ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ်လှမြင့်၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်နှင့် တာဝန်ရှိသူများ၊ တိုင်းစစ်ဌာနချုပ်မှ တပ်မတော်အရာရှိကြီးများ၊ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင်များ၊ တိုင်းရင်းသားအဖွဲ့များ၊ ရိုးရာယဉ်ကျေးမှု အဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် တိုင်းမှူးဗိုလ်ချုပ်အောင်သန်းထွဋ်က အမှာစကားပြောကြားရာ၌ ဒေသခံ တိုင်းရင်းသားတောင်သူများအနေဖြင့် မိမိတို့ဒေသအတွင်းရှိ ဆည်၊ တမံရေများကိုအသုံးပြု၍ စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုအောင်မြင်ဖြစ်ထွန်းစေရန် ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း၊ မုံးရင်ရေလှောင်တမံမှာ အဓိကလိုအပ်လျက်ရှိသော ဒေသအတွင်းသောက်သုံးရေနှင့် ရေအားလျှပ်စစ်ထုတ်လုပ်နိုင်မည့်အပြင် နွေစပါး၊မိုးစပါးနှင့် ရာသီ သီးနှံများကိုလည်း တစ်နှစ်ပတ်လုံးပိုမိုစိုက်ပျိုးသွားနိုင်မည်ဖြစ်ကြောင်း၊ ရေလှောင်တမံရေရှည်တည်တံ့ခိုင်မြဲရေးအတွက်လည်း ဒေသခံပြည်သူများမှ ဌာနဆိုင်ရာများနှင့် ဝိုင်းဝန်းပူးပေါင်းထိန်းသိမ်း ကြစေလိုကြောင်းဖြင့် ပြောကြားသည်။

ကျေးဇူးတင်စကားပြောကြား

ထို့နောက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်က မုံးရင်ရေလှောင်တမံ ဖွင့်လှစ်ပေးခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းပြောကြားပြီး နမ္မတူမြို့နယ် ဒေသခံပြည်သူများကိုယ်စား မြို့နယ်ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်းဝင် ဦးကိုကိုလွင်က မုံးရင်ရေလှောင်တမံ တည်ဆောက်ဖွင့်လှစ်ပေးခြင်းအတွက် ကျေးဇူးတင်စကား ပြောကြားသည်။

ဆက်လက်၍ တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်က မုံးရင်ရေလှောင်တမံ ကမ္ပည်းကျောက်စာကို မင်္ဂလာအချိန်တွင် စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။ ထို့နောက် တိုင်းမှူးနှင့် ညွှန်ကြားရေးမှူးချုပ်တို့က မုံးရင်ရေလှောင်တမံ ကမ္ပည်းကျောက်စာကို အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် တိုင်းမှူး ဗိုလ်ချုပ်အောင်သန်းထွဋ်နှင့် ဆည်မြောင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးခင်ဇော်တို့က မုံးရင်ရေလှောင်တမံကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် တိုင်းမှူးနှင့် တက်ရောက်လာကြသူများသည်ဖျော်ဖြေရေးအဖွဲ့များနှင့် တိုင်းရင်းသားရိုးရာယဉ်ကျေးမှုအဖွဲ့များ၏ ရိုးရာအကများဖြင့် သီဆိုကပြမှုများကို ကြည့်ရှုအားပေးကြပြီး ဂုဏ်ပြုဆုငွေများပေးအပ်ကာ မုံးရင်ရေလှောင်တမံ တည်ဆောက်ထားရှိမှုနှင့် ရေထုတ်ပြွန်၊ ရေထိန်းမျှော်စင်၊ ရေပိုလွှဲစသည့် ရေလှောင်တမံစီမံ ကိန်းဆိုင်ရာ လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ထို့နောက် တိုင်းမှူးအား စီမံကိန်းရှင်းလင်းဆောင်၌ ပြည်နယ်ဆည်မြောင်းဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဦးဘုန်းတင်က မုံးရင်ရေလှောင်တမံ စီမံကိန်းဆိုင်ရာ အချက်အလက်များနှင့် လုပ်ငန်းဆိုင်ရာများကို လည်းကောင်း၊ ပြည်နယ်မြေစာရင်းဦးစီးမှူး ဦးမြင့်လှိုင်က ဆည်ရေသောက်စနစ် တည်ဆောက်ခြင်းဆိုင်ရာ လုပ်ငန်းများကိုလည်းကောင်း မြေပုံကားချပ်များဖြင့် ရှင်းလင်းတင်ပြကြသည်။

မုံးရင်ရေလှောင်တမံသည် နိုင်ငံတော်၏ ၂၁၀ မြောက် ရေလှောင်တမံဖြစ်ပြီး ရှမ်းပြည်နယ်(မြောက်ပိုင်း) အတွင်းသုံးခုမြောက်ရေလှောင်တမံဖြစ်ကာ ရှမ်းပြည်နယ်(မြောက်ပိုင်း)ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး နမ့်ဆွမ်ချောင်းပေါ်တွင်တည်ရှိ၍ တမံအလျားပေ ၁၇၀၀၊တမံအမြင့်ပေ၁၀၀၊ကန်ရေပြည့် ရေလှောင်ပမာဏမှာ ဧကပေ ၂၈၄၂၀ဖြစ်သည်။ မြေသားတမံ အမျိုးအစားဖြစ်ပြီးနိုင်ငံတော်မှငွေကျပ်သန်းပေါင်း ၁၆၉၀အကုန်အကျခံတည်ဆောက်ခဲ့ခြင်းဖြစ်ကာ မုံးရင်ရေလှောင်တမံဖွင့်လှစ်နိုင်ခြင်းဖြင့် နမ္မတူမြို့နယ်အတွင်းရှိ လယ်မြေဧက ၂၆၀၀ ကို တစ်နှစ်ပတ်လုံး လိုအပ်သည့်စိုက်ပျိုးရေကို ပေးဝေနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မုံးရင်ရေလှောင်တမံ

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် နမ္မတူမြို့နယ် မုံးရင်ကျေးရွာအနီး တည်ဆောက်ဖွင့်လှစ်လိုက်သည့် မုံးရင်ရေလှောင်တမံကို တွေ့ရစဉ်။
(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် အလှူရှင်များက ဆက်လက်လှူဒါန်း

ရန်ကုန် ဇွန် ၄

လေဘေးသင့်ပြည်သူများအတွက် စေတနာရှင်အလှူရှင်များက နေ့စဉ်လှူဒါန်းလျက်ရှိရာ ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်း မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီးရှိ မီးသတ်ဦးစီးဌာန(ရုံးချုပ်)မေခလာ ခန်းမသို့ Mother Teresa Children's Foundation (MTCF). World Children's Fund, Medical Mission International (MMI) တို့က တရုတ်ယွမ်ငွေ တစ်သိန်းနှစ်သောင်းတန်ဖိုးရှိ အိပ်ရာခင်း၊ ဖယောင်းတိုင်၊ ဆပ်ပြာနှင့် ဖိနပ်များကို လည်းကောင်း၊ Miss Dr. Thanyaluk Pitisettakarn, Solex International (Thailand) Co., Ltd. က ငွေကျပ် ၇၂သိန်း တန်ဖိုးရှိ ငါးသေတ္တာဘူး ၁၆၀၀၀တို့ကိုလည်းကောင်းလာရောက်လှူဒါန်းကြရာလူမှုဝန်ထမ်းဦးစီးဌာနညွှန်ကြားရေးမှူး ဦးမြင့်သိန်းနှင့် တာဝန်ရှိသူများကလက်ခံကြပြီးကျေးဇူးတင်စကားပြန်လည်ပြောကြားကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးချိန်အမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်ကဖြည့်ဆည်းပေးပြီး ဒေသခံများကလည်း ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် ဧရာဝတီတိုင်းသည် မူလစိုက်ဧကနီးပါး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်

❍ ကျောဖုံးမှ

မိမိတို့တတ်နိုင်သမျှ ဝိုင်းဝန်းကူညီဆောင်ရွက်မှုများသည် မိသားစုစိတ်ဓာတ်၊ မျိုးချစ်စိတ်ဓာတ်၊ပြည်ထောင်စုစိတ်ဓာတ်အခြေခံဖြင့် ဝိုင်းဝန်းကူညီဆောင်ရွက်ခဲ့ကြခြင်းဖြစ်ပြီး လုပ်ငန်းရှင်များ၊ လူမှုရေးအသင်းအဖွဲ့များပါမကျန် ပူးပေါင်းဆောင်ရွက်ကြသဖြင့် လုပ်ငန်းများ ပိုမိုအောင်မြင်ရခြင်းဖြစ်၍ နိုင်ငံတော်က မှတ်တမ်းတင်ဂုဏ်ပြုပါကြောင်း။

လေဘေးသင့်ဒေသများအတွက် ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်၏ ရည်မှန်းချက်တစ်ရပ်ဖြစ်သည့် စက်မှုလယ်ယာကူးပြောင်းရေးကို အခွင့်အလမ်းတစ်ရပ်အဖြစ်ခံယူပြီး အကောင်အထည်ပေါ်လာစေရအောင် ဝိုင်းဝန်းပံ့ပိုးပေးဖို့လိုကြောင်း။

ဒေသတွင်းမူလရှိပြီး စိုက်ဧကကို အပြည့်အဝ စိုက်ပျိုးသွားရန်အပြင် ရေမြေကောင်းမွန်သောဒေသများ၌ အထွက်တိုးရေး စီမံဆောင်ရွက်ရန်ဖြစ်ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက မြန်မာလူမျိုးတို့ အားထားသော အခြေခံစားကုန်များဖြစ်သည့် ဆန်၊ ဆီနှင့် ဆားကို ဒေသအလိုက် ပြည့်စုံဖူလုံအောင်နှင့် အချို့သောဒေသများကို နိုင်ငံတော်၏ အခြေခံစားကုန်ထုတ်လုပ်ရာ ဒေသများဖြစ်အောင် စီမံဆောင်ရွက်ကြရန် လမ်းညွှန် မှာကြားချက်နှင့်အညီ ရေရှည်ကိုမြော်တွေးပြီး အဘက်ဘက်က စီမံဆောင်ရွက်ခဲ့သဖြင့် ယခုကဲ့သို့ ဒေသတစ်ခု၌ အရေးကြုံသော်လည်း စိုးရိမ်ပူပန်ဖွယ်မရှိသည့် အခြေအနေမှာ ရပ်တည်နေနိုင်ခြင်းဖြစ်ကြောင်း။

စိုက်ပျိုးရေးကဏ္ဍနှင့် ပတ်သက်၍ ယမန်နှစ်က တစ်နိုင်ငံလုံးတွင် နွေစပါးနှင့် မိုးစပါး စုစုပေါင်း စိုက်ဧက (၁၉ ဒသမ ၉၉) သန်း စိုက်ပျိုးခဲ့ပြီး ဧရာဝတီတိုင်းအနေဖြင့် နွေစပါးနှင့် မိုးစပါး စုစုပေါင်း (၄ဒသမ၉၅) သန်း စိုက်ပျိုးခဲ့ကြောင်း၊ ယခု မုန်တိုင်းဒဏ်ကြောင့် ထိခိုက်ခဲ့သည့် ဧကပေါင်းမှာ (၀ဒသမ၁၈)သန်းသာရှိသဖြင့် တစ်နိုင်ငံလုံးစိုက်ဧက၏ (၀ဒသမ၀၀၉) ရာခိုင်နှုန်း၊ ဧရာဝတီတိုင်း စိုက်ဧက၏ (၀ဒသမ၀၃၆) ရာခိုင်နှုန်းရှိကြောင်း၊

သို့သော် ဧရာဝတီတိုင်းအနေဖြင့် စိုက်ပျိုးချိန်အမီ ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လိုအပ်သည်များကို နိုင်ငံတော်ကဖြည့်ဆည်းပေးပြီး ဒေသခံများကလည်း ကြိုးစားဆောင်ရွက်ကြမည်ဆိုလျှင် ဧရာဝတီတိုင်းသည် မူလစိုက်ဧကနီးပါး ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ကြောင်း။

သို့ဖြစ်၍ လက်ရှိအခြေအနေသည် စားရေးအတွက် စိုးရိမ်ပူပန်ရန်မလိုတော့ဘဲ လေဘေးသင့်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးနှင့် ဖွံ့ဖြိုးရေးအတွက် အဓိကကျသည့် လယ်ထွန်စက်၊ ဓာတ်မြေဩဇာ၊ စက်သုံးဆီ၊ ပဲ့ထောင်လှေ၊ ငါးဖမ်းပိုက် စသည့် လုပ်ငန်းခွင်သုံးပစ္စည်းများ ကူညီပေးနိုင်စေရေးကိုသာ အလေးထားဆောင်ရွက်ကြရန်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးသည် တက်ရောက်လာကြသည့် ပြည်ထောင်စုမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌ ဦးဝင်းမြင့်နှင့် မြန်မာနိုင်ငံဆန်စက်အသင်း၊ မြန်မာနိုင်ငံဆန်စပါးကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်တို့မှ တာဝန်ရှိသူများ၊ တိုင်းရင်းသားလုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးက ရှင်းလင်းမှာကြားသည့် အခမ်းအနားအပြီးတွင် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန် ဦးဆောင်ပြီး တာဝန်ရှိသူများသည် ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ် ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ အသေးစိတ် ဆက်လက်ညှိနှိုင်းဆွေးနွေးကြသည်။

ယင်းသို့ ညှိနှိုင်းဆွေးနွေးရာတွင် ရှေးဦးစွာ ဗဟိုကော်မတီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးသိန်းစိန်က အမှာစကားပြောကြားရာ၌ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် မိမိတို့အဖွဲ့သည် လေဘေးသင့် ပြည်သူများအတွက် ဆောင်ရွက်ဖွယ်များကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးနိုင်ရေးအတွက် ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ဒေသများသို့ ဇွန် ၁ ရက်ကတည်းက လှည့်လည်သွားရောက်ခဲ့ပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ယခင်ကတည်းက ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေး ဗဟိုကော်မတီနှင့် ဆပ်ကော်မတီ ၁၀ ခုသည် လေဘေးသင့်ပြည်သူများ၏ လိုအပ်ချက်များကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးခဲ့ကြောင်း။

အဖျက်စွမ်းအားကြီးမားသည့် မုန်တိုင်းကြောင့် ထိခိုက်ပျက်စီးခဲ့ရသည်များကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော် စွမ်းအားစု(၃)ရပ် လက်တွဲဆောင်ရွက်ခဲ့မှု၊ လူမှုရေးအသင်းအဖွဲ့များ၊ လုပ်ငန်းရှင်များ၏ ပူးပေါင်း ဆောင်ရွက်မှုများကြောင့် ကယ်ဆယ်ရေး၊ ကူညီစောင့်ရှောက်ရေး၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အောင်မြင်အောင် လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေးတို့၏ မှာကြားလမ်းညွှန်မှုများနှင့်အညီ လေဘေးသင့်ဒေသများ မူလအနေအထားထက် ပိုမိုဖွံ့ဖြိုးလာအောင်၊ လေဘေးသင့်ပြည်သူများ၏ ဘဝအဆင့်အတန်း ယခုထက် ပိုမိုမြင့်မားလာအောင် ကြိုးစားဆောင်ရွက်ကြရမှာဖြစ်ကြောင်း။

ဧရာဝတီတိုင်းအတွင်းရှိ လေဘေးသင့်ပြည်သူများကို လေ့လာပါက စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူ၊ ငါးဖမ်းလုပ်ငန်း ဆောင်ရွက်သူ၊ ဆားလုပ်ငန်းဆောင်ရွက်သူ၊ အထွေထွေရောင်းဝယ်မှုလုပ်ကိုင်သူဟူ၍ခွဲခြား တွေ့ရှိရကြောင်း။

ယင်းတို့အနက် စိုက်ပျိုးရာသီသို့ရောက်လာပြီဖြစ်၍ စိုက်ပျိုးရေးလုပ်ငန်းဆောင်ရွက်သူများလုပ်ငန်းခွင်သို့ အချိန်မီဝင်ရောက်နိုင်ရေးအတွက် လက်တွန်းထွန်စက်၊ မျိုး၊ စက်သုံးဆီစသည်တို့ကို ထိထိရောက်ရောက် မြန်မြန်ဆန်ဆန် စီမံဆောင်ရွက်ပေးသွားရန်ဖြစ်ကြောင်း။

အလားတူ ရေလုပ်ငန်း၊ ဆားချက်လုပ်ငန်း ဆောင်ရွက်သူများအားလည်း ၄င်းတို့၏ ပုံမှန်လုပ်ငန်းများ အချိန်နှင့် တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သည်များကို ဖြည့်ဆည်းပေးသွားရန်ဖြစ်ကြောင်း။

ယင်းသို့ လေဘေးသင့် ပြည်သူများအတွက် ဆောင်ရွက်ကြရာတွင် စာရင်းဇယား၊ ကိန်းဂဏန်းအချက်အလက်များ မှန်ကန်အောင်လည်းသတိပြုဆောင်ရွက်သွားကြရမှာဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဗဟိုကော်မတီဒုတိယဥက္ကဋ္ဌ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ အတွင်းရေးမှူး(၁) ဒုတိယဗိုလ်ချုပ်ကြီး သီဟသူရ တင်အောင်မြင့်ဦးက ငပုတောမြို့နယ်နှင့် လပွတ္တာ မြို့နယ်အတွင်းရှိ ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဒုတိယဗိုလ်ချုပ်ကြီး စိုးသိန်းက ငပုတောမြို့နယ်အတွင်းရှိ ဒေသများနှင့်စပ်လျဉ်း၍လည်းကောင်း၊ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်အတွင်းရှိ ဒေသများနှင့် စပ်လျဉ်း၍လည်းကောင်း လေဘေးသင့်ပြည်သူများအတွက် နေရေး၊ စားရေး၊ စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် ဆောင်ရွက်ချက်များ၊ ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် တိုင်းမှူးဗိုလ်မှူးချုပ်ကျော်ဆွေနှင့် သက်ဆိုင်ရာဝန်ကြီးများက ဝန်ကြီးဌာနအလိုက် ပံ့ပိုးဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းတင်ပြကြပြီး အတွင်းရေးမှူး(၁)က ဖြည့်စွက်တင်ပြသည်။

ယင်းနောက် ဗဟိုကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ဗိုလ်ချုပ်ကြီးသိန်းစိန်က ဆောင်ရွက်ရမည့်လုပ်ငန်းများ၊လုပ်ငန်းများဆောင်ရွက်ရာတွင် သက်ဆိုင်ရာဌာနအလိုက် ဝန်ထမ်းအင်အားဖြည့်ဆည်းရန် လိုအပ်ပုံများကို မှာကြားပြီး ညှိနှိုင်းဆွေးနွေးပွဲကို ညနေ ၆ နာရီတွင် ရုပ်သိမ်းလိုက်သည်။ (သတင်းစဉ်)

ရေစီးရေလာကောင်းမွန်ရေးဆောင်ရွက်မှု မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

ရန်ကုန် ဇွန် ၄

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်းသည် အတွင်းရေးမှူး ဦးအောင်သန်းဝင်းနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရွှေတောင်ကြား အမှတ်(၁)ရပ်ကွက် ကမ္ဘောဇရိပ်သာသို့ ရောက်ရှိသည်။

မြို့တော်ဝန်နှင့်အဖွဲ့သည် အင်ဂျင်နီယာဌာန (လမ်းနှင့်တံတား)မှ ကမ္ဘောဇရိပ်သာရှိ ရပ်ကွက်များအတွင်း ရေမဝပ်စေရန်နှင့် ရေစီးရေလာကောင်းမွန်စေရန် ဆောင်ရွက်နေမှုများကို လှည့်လည်ကြည့်ရှု စစ်ဆေးသည်။ဆက်လက်၍မြို့တော်ဝန်သည် ကမ္ဘောဇရိပ်သာ လမ်းသွယ်(၂) လမ်း၌ အချင်းလေးပေရှိ ကွန်ကရစ်ပိုက်လိုင်း မြေအောက်ရေနုတ်မြောင်း ဆောင်ရွက်နေမှုနှင့် မိုးရေတိုက်စားမှုကြောင့် ပျက်စီးသွားသောလမ်းများ ပြုပြင်နေမှုကို ကြည့်ရှုပြီး လိုအပ်သည်များကို မှာကြားဖြည့်ဆည်းပေးခဲ့သည်။ (၁၉)

ရန်ကုန်မြို့တော် စည်ပင်သာယာရေး ကော်မတီဥက္ကဋ္ဌ၊ မြို့တော်ဝန် ဗိုလ်မှူးချုပ်အောင်သိန်းလင်း ကမ္ဘောဇရိပ်သာလမ်းသွယ် (၂)လမ်း၌ မြေအောက်ရေနုတ်မြောင်း ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။ (၁၉)

လေဘေးသင့်ပြည်သူများအတွက် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းနိုင်

ရန်ကုန် ဇွန် ၄

မုန်တိုင်းဒဏ်ခံခဲ့ရသော ပြည်သူများအတွက်ပြည်တွင်း၊ပြည်ပမှအလှူရှင်များအနေဖြင့် အလှူငွေနှင့်ပစ္စည်းများ လှူဒါန်းလိုပါက အောက်ပါနေရာများတွင် ဆက်သွယ်လှူဒါန်းနိုင်သည်-

အလှူငွေများကို ရန်ကုန်မြို့ ရန်ကင်းမြို့နယ် စက်မှုလမ်းအမှတ် ၁၆/က ရှိ ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးလှသိန်းဆွေ ဖုန်း-၀၉၈၆၀၀၁၀၉နှင့်မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဦးမောင်မောင်ဝင်း ဖုန်း-၀၉-၈၆၀၀၁၀၂၊ညွှန်ကြားရေးမှူး ဦးမောင်မောင် ဖုန်း-၀၁-၅၄၃၇၅၇၊ ဒုတိယညွှန်ကြားရေးမှူး ဦးကျော်ဝင်းတင် ဖုန်း-၀၁-၅၄၃၇၆၅ တို့သို့ ဆက်သွယ်၍ တိုက်ရိုက်သော်လည်းကောင်း၊ လူကိုယ်တိုင်လာရောက်၍သော်လည်းကောင်း လှူဒါန်းနိုင်သည်။ အလှူပစ္စည်းများကို ရန်ကုန်မြို့ မရမ်းကုန်းမြို့နယ် စွယ်တော်မြတ်စေတီအနီး မီးသတ်ဦးစီးဌာန(ရုံးချုပ်)ရှိ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်ကျော်မြင့် ဖုန်း-၀၉-၈၆၀၀၀၂၆၊ မရမ်းကုန်းမြို့နယ် အမှတ်(၃) ရပ်ကွက် ကျိုက်ဝိုင်းဘုရားအနီး ကုန်သွယ်ရေးဂိုဒေါင်ရှိ ဦးသန်းဦး (ညွှန်ကြားရေးမှူးချုပ်၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန ဖုန်း-၀၉-၈၆၀၀၀၂၅၊ ၀၉-၈၆၀၀၅၂၆ နှင့် ဦးအောင်ထွန်းခိုင် (ခေတ္တ ညွှန်ကြားရေးမှူးချုပ်၊ လူမှုဝန်ထမ်းဦးစီးဌာန) ဖုန်း-၀၉-၈၆၀၀၇၀၂ နှင့် ၀၉-၈၆၀၁၀၀၃ တို့သို့ ဆက်သွယ် လှူဒါန်းနိုင်ပါသည်။ (သတင်းစဉ်)

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၈ (ကြာသပတေးနေ့)

AM & PM	
၇း၀၀ - ၁း၀၀	MRTV-4 အဖွင့် Logo၊ ယနေ့အစီအစဉ်
၇း၀၅ - ၁း၀၅	"နိဗ္ဗာန်သို့သွားဘဏ်ရထား" တရားတော် (ပြည်တွင်းပြည်ပသာသနာပြု အောင်ဆန်းဆရာတော် ဘဒ္ဒန္တသဒ္ဓမ္မကိတ္တိသာရ)
၈း၁၅ - ၂း၁၅	နိဗ္ဗာန်ဆီသို့… အမေးအဖြေများ
၈း၃၀ - ၂း၃၀	တေးဂီတအစီအစဉ်
၈း၃၅ - ၂း၃၅	Eternal Festival (အပိုင်း-၁)
၈း၅၅ - ၂း၅၅	စိုက်ပျိုးဝေဆာတို့မြေမှာ (ဆေးဖက်ဝင်သစ်ခွပင်)
၉း၁၅ - ၃း၁၅	ပြည်တွင်းသတင်းအကျဉ်း
၉း၂၅ - ၃း၂၅	ကမ္ဘာ့ရာသီဥတုပြောင်းလဲခြင်းနှင့် ကျန်းမာရေးပြဿနာများ (စရဏစကားဝိုင်း)
၁၀း၀၅-၄း၀၅	တေးဂီတအစီအစဉ်
၁၀း၁၀ - ၄း၁၀	နိုင်ငံတကာသတင်းအကျဉ်း
၁၀း၁၅-၄း၁၅	Business Talk (ဦးမျိုးမြတ်သူ၊ ဦးစိုးမြင့်)
၁၀း၄၀ - ၄း၄၀	တေးဂီတအစီအစဉ်
၁၀း၄၅ - ၄း၄၅	မိုးလေဝသခန့်မှန်းချက်
၁၀း၅၀ - ၄း၅၀	သွားမယ်စားမယ် (Lion City)
၁၁း၁၀ - ၅း၁၀	ပြည်တွင်းသတင်းအကျဉ်း
၁၁း၂၀ - ၅း၂၀	လေ့လာသင်ကြား Hotel လုပ်ငန်းများ
၁၁း၄၀ - ၅း၄၀	နိုင်ငံတကာသတင်းအကျဉ်း
၁၁း၄၅ - ၅း၄၅	အကြိမ်(၅၀)မြောက် ဂရမ်မီတေးဂီတဆုပေးပွဲအခမ်းအနား
၁၂း၁၅ - ၆း၁၅	Ecotourism ဆွဲဆောင်ဖို့ သဘာဝကိုထိန်းသိမ်းစို့ "ဖိုးကျားဆင်စခန်း" (အပိုင်း-၁)
၁၂း၃၅ - ၆း၃၅	တေးဂီတအစီအစဉ်
၁၂း၄၀ - ၆း၄၀	ထိရောက်အကျိုးရှိသော စွမ်းအင်အသုံးချမှုမှသည်
၁း၀၀ - ၇း၀၀	MRTV-4 အပိတ် Logo

MRTV-4 အစီအစဉ်များကို ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် UHF တီဗွီအင်တင်နာဖြင့် အလွယ်တကူ ဖမ်းယူကြည့်ရှုနိုင်ပါသည်။

လေဘေးသင့်ဒေသများ၌ ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်မှ ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး လက်အောက်ခံ တပ်ဖွဲ့ဝင်များမှ အထူးဆေးအဖွဲ့တစ်ဖွဲ့သည်ဧရာဝတီတိုင်း လပွတ္တာမြို့နယ်၊ ရတနာဒီပအားကစားကွင်း၊ (၃)မိုင်နှင့် (၅)မိုင်စခန်းတို့၌ ဖြန့်ခွဲပြီးဆေးဖျန်းခြင်း၊ ဆေးမှုတ်ခြင်း၊ သောက်သုံးရေ နမူနာစစ်ဆေးခြင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးအကြံပြုခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ထင်းပုံဆိပ်ကျေးရွာ၌ ဘယ်လ်ဂျီယံဆေးအဖွဲ့နှင့်အတူ ပူးပေါင်း၍ ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကိုလည်းကောင်း ဆောင်ရွက်လျက်ရှိသည်။

အလားတူဘိုကလေးမြို့နယ် ခန်းမ၌ အထူးဆေးအဖွဲ့တစ်ဖွဲ့သည် အိန္ဒိယဆေးအဖွဲ့နှင့်ပူးပေါင်း၍ ရောဂါကာကွယ်ရေးနှင့် ကုသရေးလုပ်ငန်းများကိုလည်းကောင်း၊မြောင်းမြမြို့၌ ထိုင်းနိုင်ငံမှ ဆေးအဖွဲ့များ၊ ကျန်းမာရေး ဝန်ကြီးဌာနမှ ဆေးဝန်ထမ်းများနှင့်ပူးပေါင်း၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများကိုလည်းကောင်း ပါဝင် ဆောင်ရွက်လျက်ရှိပြီး ကွမ်းခြံကုန်း၊ ကော့မှူး၊ ဒေးဒရဲ၊ ငပုတောနှင့် ဟိုင်းကြီးကျွန်းမြို့နယ်များ၌လည်း အထူး ဆေးအဖွဲ့များသည် နယ်မြေဒေသအလိုက် ရောဂါကာကွယ်ရေးနှင့် ဆေးကုသရေးလုပ်ငန်းများကို တာဝန်ရှိသူများနှင့် ပူးပေါင်း၍ဝိုင်းဝန်းဆောင်ရွက်လျက်ရှိကြောင်းသတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(ရေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို နိုင်ငံတော်အစိုးရ၊ ပြည်သူနှင့် တပ်မတော်တို့မှ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန်၃ရက်တွင် လေဘေးသင့်ဒေသများဖြစ်သည့် ဒေးဒရဲ၊ ဖျာပုံ၊ ဘိုကလေး၊ လပွတ္တာမြို့နယ်များတွင် အခြေပြုလျက်ရှိသော တပ်မတော်(ရေ)မှစစ်ရေယာဉ်များသည် မြို့နယ်များအတွင်းအပျက်အစီးများသောကျေးရွာအုပ်စုများသို့သွားရောက်၍ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေး လုပ်ငန်းများကို ဒေသခံကျေးရွာလူထုနှင့်အတူ ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိပြီး နယ်မြေစိုးမိုးရေး၊ နယ်မြေ လုံခြုံရေးနှင့် သယ်ယူပို့ဆောင်ရေးလုပ်ငန်းများအား တာဝန်ရှိသူများနှင့်ပူးပေါင်းပါဝင်ဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဧရာဝတီရေတပ်စခန်းဌာနချုပ် ကွပ်ကဲမှုအောက်ရှိတပ်၊ စခန်း၊ စစ်ရေယာဉ်စုများမှ အရာရှိ၊ စစ်သည်များသည် ဇွန်၁ ရက်တွင် ရန်ကုန်အရှေ့ပိုင်းဆေးရုံကြီး၌လည်းကောင်း၊ ဇွန် ၃ ရက်တွင် မရမ်းကုန်းမြို့နယ်ရှိ စွယ်တော်မြတ်စေတီတော်သို့လည်းကောင်း သွားရောက်၍ ပတ်ဝန်းကျင်ရှိပြိုလဲသစ်ပင်များ ခုတ်ထွင်ရှင်းလင်းခြင်းနှင့် အမှိုက်များစွန့်ပစ်ခြင်းတို့ကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ အမှိုက်သယ်ယာဉ်များနှင့် ပူးပေါင်း ပါဝင်ဆောင်ရွက်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လေဘေးသင့်ဒေသများ၌ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများတွင် တပ်မတော်(လေ)မှ ဆက်လက်ပါဝင်ဆောင်ရွက်

နေပြည်တော် ဇွန် ၄

လေဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးနှင့် တည်ဆောက်ရေးလုပ်ငန်းများကို တပ်မတော် (လေ)က ပါဝင်ဆောင်ရွက်လျက်ရှိရာ ဇွန် ၃ ရက်တွင် အုတ်တွင်း၊ ဟိုင်းကြီးကျွန်း၊ ပြင်စလူ၊ လပွတ္တာ၊ မော်လမြိုင်ကျွန်း၊ ဘိုကလေး၊ ဖျာပုံ၊ ရက်ဂရမ်း၊ ကနီကြီး၊ ကနောင်၊ ဖိုးညို(အရှေ့)၊ လဂရက်၊ ကဇောင်းမ၊ ဖိုးပြအစု၊ မြောင်းမြ၊ ကန်ဘဲ့၊ ဆားချက်ဒေသများ၌ ထောက်ပံ့ရေးပစ္စည်းများကို တပ်မတော်ရဟတ်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ ယနေ့အထိ ထောက်ပံ့ရေးပစ္စည်း စုစုပေါင်းတန်ချိန် ၄၂၄ဒသမ၇၉တန်ကို လေဘေးသင့်ဒေသများသို့ ပို့ဆောင်ပေး နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ သင်တန်းများဖွင့်ပွဲသို့ တက်ရောက်အမှာစကားပြောကြား

နေပြည်တော် ဇွန် ၄

နယ်စပ်ဒေသနှင့် တိုင်းရင်းသား လူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာနဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေသည် ဇွန် ၂ရက် နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန၊ဝန်ကြီးရုံးခန်းမ၌ ကျင်းပသော အဆင့်မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၇)၊ ကွန်ပျူတာသင်တန်းအမှတ်စဉ်(၃)နှင့် နိုင်ငံတကာဆက်ဆံရေး သင်တန်း အမှတ်စဉ်(၇)၊သင်တန်းများဖွင့်ပွဲအခမ်း အနားသို့တက်ရောက်၍ သင်တန်းဖွင့် အမှာစကား ပြောကြားသည်။

နေပြည်တော် စည်ပင်သာယာ ရေးကော်မတီနှင့် နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက် ရေးနှင့် စည်ပင်သာယာရေးဝန်ကြီး ဌာနရှိ ဦးစီးဌာန (၃)ခုတို့မှ အဆင့် မြင့်အုပ်ချုပ်မှုသင်တန်း အမှတ်စဉ် (၁၇)သို့ သင်တန်းသား ၃၀ ဦး၊ ကွန်ပျူတာသင်တန်း အမှတ်စဉ်(၃) သို့ သင်တန်းသား၊ သင်တန်းသူ ၃၀ဦး၊ နိုင်ငံတကာ ဆက်ဆံရေး သင်တန်းအမှတ်စဉ် (၇)သို့ သင်တန်း သား၊ သင်တန်းသူ ၂၀ဦး စုစုပေါင်း သင်တန်းသား၊ သင်တန်းသူ၈၀ဦး တက်ရောက်မည်ဖြစ်ပြီး သင်တန်း ကာလမှာ ရက်သတ္တ၁၂ပတ် ကြာမြင့် မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၄/၀၇-၀၈) အစည်း အဝေးတွင် အသင်းဥက္ကဋ္ဌ ဦးသူတော်(အကယ်ဒမီရွှေသန့်လုပ်ငန်း) ကအဖွင့်အမှာစကား ပြောကြားစဉ်။ (ဓာတ်ပုံ-ကုန်သည်/စက်မှု)

ပညာသင်ထောက်ပံ့ကြေးပေးအပ်

ရန်ကုန် ဇွန် ၄

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်း ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးနှင့် အင်းစိန်ဗဟိုအကျဉ်းထောင်မှဝန်ထမ်း များ၏ သားသမီး၊ ကျောင်းသား ကျောင်းသူများအား'နှစ်ဦး'ပညာသင် ထောက်ပံ့ကြေး ကျောင်းသုံးဗလာ စာအုပ်၊ စာရေးကိရိယာနှင့် ကျောင်း ဝတ်စုံများ ထောက်ပံ့ချီးမြှင့်ပွဲကို မေ၂၁ရက် မွန်းလွဲ၂နာရီက အကျဉ်း ဦးစီးဌာန အောင်မင်္ဂလာခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် ညွှန်ကြားရေး မှူးချုပ် ဦးဇော်ဝင်းနှင့် ဇနီး ဒေါ်နွယ် နီစမ်း၊ ညွှန်ကြားရေးမှူးများနှင့် ဇနီးများက ကျောင်းသား၊ ကျောင်းသူ ၅၇၅ဦးအတွက် 'နှစ်ဦး'ပညာသင် ထောက်ပံ့ကြေး ငွေကျပ် ၁၇၄၄၀၀၀၊ ကျောင်းသုံးဗလာစာအုပ်၊ စာရေး ကိရိယာ၊ ထီးနှင့် ကျောင်းဝတ်စုံဖိုး ငွေကျပ် ၃၅၆၂၁၀၀ စုစုပေါင်း ထောက်ပံ့ငွေကျပ် ၅၃၀၆၁၀၀ကို ထောက်ပံ့ပေးအပ်ခဲ့သည်။**(အပေါ်ဝဲပုံ)** ၎င်းတို့အနက် Mother Trading Co.,Ltd.မှ ဦးအောင်မြတ်က ငွေကျပ် ၁၂ သိန်းတန်ဖိုးရှိ ကျောင်း သုံးဗလာစာအုပ်ဒါဇင်၈၀၀ကို ပါဝင် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

ရွှေလုပ်ငန်းရှင်များအသင်း အစည်းအဝေးကျင်းပ

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်း အလုပ်အမှုဆောင်အဖွဲ့၏ (၄/၀၇-၀၈)ကြိမ်မြောက် အစည်း အဝေးကို ဇွန်၃ရက်တွင် ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ မင်းရဲကျော်စွာ လမ်း၊ UMFCCI Towerရှိ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များ အသင်းရုံး အစည်းအဝေးခန်းမ၌ ကျင်းပရာ ရှေးဦးစွာ မြန်မာနိုင်ငံ ရွှေလုပ်ငန်းရှင်များအသင်း ဥက္ကဋ္ဌ ဦးသူတော် (အကယ်ဒမီ ရွှေသန့် လုပ်ငန်း) က အမှာစကားပြောကြား ပြီး အတွင်းရေးမှူး ဦးကျော်ဝင်း (ဦးထုံရွှေပန်းထိမ်ဆိုင်)ကအလုပ်အမှု ဆောင်အဖွဲ့ (၃/၀၇-၀၈)အစည်း အဝေးမှတ်တမ်းကို ဖတ်ကြားတင်ပြ ကာ အတည်ပြုချက် ရယူသည်။ ထို့နောက် ဒုတိယဥက္ကဋ္ဌဦးကျော်မြင့် (ရွှေမြင်းပျံရွှေသန့်လုပ်ငန်း)ကလက်ရှိ ရွှေဈေးနှုန်း ဖြစ်ပေါ်ပြောင်းလဲမှု အခြေအနေကို ဆွေးနွေးတင်ပြပြီး မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ပဉ္စမအကြိမ် နှစ်ပတ်လည် အသင်း သားစုံညီ အစည်းအဝေး (၂၀၀၇-ခုနှစ်)အတွက်ထည့်ဝင်ခဲ့သည့်ရန်ပုံငွေ ကိစ္စနှင့် အထွေထွေကိစ္စရပ်များကို ဆွေးနွေးကြသည်။

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံရွှေလုပ်ငန်းရှင်များအသင်း ဝင် ရန်ကုန်တိုင်း ရွှေလုပ်ငန်းရှင်များ၊ ရွှေဆိုင်ပိုင်ရှင်များ၊ ရွှေကုန်သည်များ ကစုပေါင်း၍ ရန်ကုန်တိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ကွပ်ကဲမှုအဖွဲ့သို့အလှူငွေကျပ်သိန်း၁၀၀၊ သီတဂူဓမ္မဗိမာန်မှတစ်ဆင့် အလှူငွေ ကျပ်သိန်း၁၂၀၊မအူပင်၊ ကျိုက်လတ်၊ ဖျာပုံဒေသများရှိလေဘေးသင့်ပြည်သူ များအတွက် ငွေကျပ်သိန်း ၁၅၀ တန်ဖိုးရှိ ဆန်၊ရေသန့်၊အဝတ်အထည် နှင့် စားသောက်ကုန်များ စုစုပေါင်း ငွေကျပ် ၃၇၃၃၆၅၀၀ကို လှူဒါန်းခဲ့ သည်။ ထို့အတူ မန္တလေးတိုင်း ရွှေလုပ်ငန်းရှင်များက စုပေါင်း၍ အလှူငွေကျပ်၁၂၅သိန်းကို မန္တလေး မြို့တော်စည်ပင်သာယာရေးကော်မတီမှ တစ်ဆင့်လည်းကောင်း၊ မကွေးတိုင်း ရွှေလုပ်ငန်းရှင်များအသင်းက စား သောက်ကုန်၊ ထောက်ပံ့ရေးပစ္စည်း၊ ငွေနှင့်အလှူ ငွေစုစုပေါင်းငွေကျပ် ၁၀သိန်းကိုလည်းကောင်း၊ တောင်ကြီး မြို့ ရွှေလုပ်ငန်းရှင်များအသင်းက အလှူ ငွေကျပ် ၁၅သိန်းကို ကုန်သည် များအသင်းသို့ လည်းကောင်း ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်း ရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ပြန်လည်ဖွဲ့စည်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံအမျိုးသားအိုလံပစ်ကောင်စီ၏ ကြီးကြပ်မှု၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီနှင့်အားကစား ဝန်ကြီးဌာနတို့၏ ပံ့ပိုးမှုတို့ဖြင့် မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်ကို ပြန်လည်ဖွဲ့စည်းလိုက်သည်။

မြန်မာနိုင်ငံအလေးမအားကစား အဖွဲ့ချုပ်တွင် ဥက္ကဋ္ဌအဖြစ် ဦးဝင်းလွင် (မန်နေဂျင်းဒါရိုက်တာ ကျော်သာကုမ္ပဏီလီမိတက်)၊ ဒုတိယဥက္ကဋ္ဌများအဖြစ် ဦးသိန်းအောင်(ဒုတိယညွှန်ကြားရေးမှူးချုပ်၊ အားကစားနှင့် ကာယပညာ ဦးစီးဌာန)၊ ဦးအောင်မြတ်(မန်နေဂျင်းဒါရိုက်တာ Mother Trading Co.,Ltd.)၊ ဦးထင်အောင်ကျော်(မန်နေဂျင်းဒါရိုက်တာ Golden Cougar Co.) နှင့် ဒေါက်တာမောင်မောင်အေး(မန်နေဂျင်းဒါရိုက်တာ မိုးထက်ကမ္ဘာကုမ္ပဏီ လီမိတက်) တို့ ဖြစ်ကြပြီး အထွေထွေအတွင်းရေးမှူးအဖြစ် ဦးမြင့်ဆွေ (လက်ထောက်ညွှန်ကြားရေးမှူး၊အားကစားနှင့်ကာယပညာဦးစီး ဌာန)၊ တွဲဖက် အတွင်းရေးမှူးအဖြစ် ဦးဌေးဝင်း (လက်ထောက်မန်နေဂျာ-ငြိမ်း၊မြန်မာ့ သစ်လုပ်ငန်း)၊ ဒေါ်နှင်းစန္ဒာဦး(ဦးစီးအရာရှိ အားကစားနှင့်ကာယပညာဦးစီး ဌာန)တို့ဖြစ်၍ အလုပ်အမှုဆောင်များအဖြစ် ဦးဌေးအောင်(ဒုတိယဌာနမှူး၊ တိရစ္ဆာန်ဆေးကုသရေးနှင့် သားသတ်ဌာန ရန်ကုန်မြို့တော် စည်ပင်သာယာ ရေးကော်မတီ)၊ ဦးဝင်းသန်း (လက်ထောက်ဌာနမှူး၊ အင်ဂျင်နီယာဌာန၊ ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ)၊ ဦးဟန်မြိုင်(မော်မော်စန်း ထိုးမုန့်လုပ်ငန်း)၊ ဦးချစ်မြ (ကြီးကြပ်ရေးမှူး-ငြိမ်း၊ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်)၊ ဗိုလ်ကြီးသန်းထွန်း [က-ပ-စ(၁) ငြိမ်း)]၊ ဦးအောင်သန်း (ဒိုင်းမွန်း ဒါရိုက်တာ ရှိုင်းဟုတ်ကုမ္ပဏီ)၊ ဦးသိန်းခင် (ဦးစီးအရာရှိ၊ အားကစားနှင့် ကာယပညာဦးစီးဌာန)နှင့် ဗိုလ်မှူးကိုကိုထွန်း (အတွင်းရေးမှူး တပ်မတော် အလေးမနှင့် ကာယပညာကော်မတီ)တို့ဖြစ်ကြသည်။

မြန်မာနိုင်ငံ အလေးမအားကစားအဖွဲ့ချုပ်တွင် ဆေးမှူးများအဖြစ် ဒေါက်တာမြလေးစိန်နှင့် ဒေါက်တာဒေါ်ကျင်စန်း(လက်ထောက်ညွှန်ကြားရေး မှူး၊ အားကစားနှင့်ကာယပညာဦးစီးဌာန) တို့က တာဝန်ယူဆောင်ရွက်ကြ မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

လန်ဒန်မြို့ မိုးကုတ်ဝိပဿနာရိပ်သာ ကျောင်းတော်ကြီး ဖြစ်မြောက်ရေးကော်မတီ(ရွှေသိင်္ဂီရတနာဓမ္မာရုံ) ၉၈ ရွှေဘုံသာလမ်း ပန်းဘဲတန်းမြို့နယ်သို့ ကမာရွတ်မြို့နယ် (၇)ရပ်ကွက် ပြည်ရိပ်မွန်အိမ်ရာနေ မိဘနှစ်ပါးအား ရည်စူး၍ ဒေါ်လှကြူ(၆၅)နှစ်ပြည့်မွေးနေ့အဖြစ် ငွေကျပ် ၁၂၂၅၀၀ လှူဒါန်းရာ ဥက္ကဋ္ဌ မဟာသဒ္ဓမ္မဇောတိ ကဓဇ ဦးကျော်ခင်မြင့် လက်ခံယူစဉ်။ (က-ပ)

မြန်မာ့ဒီမိုကရေစီရွှေတံခါးကြီးကို ပြည်သူတို့က ဖွင့်လှစ်ပေးလိုက်ပြီ (၁)

တက္ကသိုလ်မြတ်သူ

မြန်မာနိုင်ငံ လွတ်လပ်ရေး ပြန်လည်ရရှိသည်မှာ နှစ်ပေါင်း ၆၀ နှင့် လေးလကျော်ကျော်မျှရှိပေပြီ။ လွတ်လပ်သောနိုင်ငံမှ နိုင်ငံသားများသည် အချုပ်အခြာအာဏာကို ပိုင်ဆိုင်ကြလေသည်။ အချုပ်အခြာအာဏာ၏ခက်မသုံးဖြာကား (၁)ဥပဒေပြုရေးအာဏာ၊ (၂)အုပ်ချုပ်ရေးအာဏာနှင့် (၃)တရားစီရင်ရေးအာဏာတို့ဖြစ်လေသည်။ အများပြည်သူတို့ လုံခြုံအေးချမ်းသာယာစွာနေထိုင်နိုင်ပြီး မိမိရေမြေသယံဇာတများဖြင့် ဖွံ့ဖြိုးတိုးတက်ချမ်းသာကြွယ်ဝကာ လူနေမှုအဆင့်အတန်းမြင့်စေမည့်ဥပဒေများကို ပြည်သူတို့ လွတ်လပ်စွာ ရေးဆွဲပြဋ္ဌာန်းခွင့်ရှိသည်။

မြန်မာ့လူ့ဘောင် လုံခြုံ၊ ငြိမ်းချမ်း၊ ဖွံ့ဖြိုးသာယာဝပြောစေရန် ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့်အညီ အုပ်ချုပ်စီမံခွင့်(ဝါ) အကောင်းဆုံးအစိုးရများ ရွေးချယ်တင်မြှောက်ခွင့်ရှိကြသည်။ ယင်းသို့ အကောင်းဆုံး ပြဋ္ဌာန်းထားသည့် ဥပဒေများနှင့် ယင်းဥပဒေများနှင့်အညီ စီမံ(အုပ်ချုပ်)ခြင်းတို့ကို ဆန့်ကျင်၊ နှောင့်ယှက်၊ ဖျက်ဆီးသမျှသည် ပြည်သူတစ်ရပ်လုံးကို ဆန့်ကျင်၊ နှောင့်ယှက်၊ ဖျက်ဆီးရာ ရောက်ပေသည်။ ယင်းသို့ ပြဋ္ဌာန်းထားသော ဥပဒေများကို ချိုးဖောက်သူများအား နောင်ကြဉ်အောင်၊ ဟန့်တားနိုင်လောက်သော ပြစ်ဒဏ်များ ချမှတ်စီရင်ခွင့်(တရားစီရင်ခွင့်)လည်း ရှိပေသည်။ ဤအာဏာသုံးရပ်မှာ ပြည်သူတို့ ပိုင်ဆိုင်သော အချုပ်အခြာအာဏာ(ဝါ)လွတ်လပ်ရေး (လွတ်လပ်ခြင်း) ပင် ဖြစ်ပေသတည်း။

နိုင်ငံတစ်ခုကို တိုင်းခြားသားနယ်ချဲ့များက ၎င်းတို့ ပိုမိုချမ်းသာအောင် ကျူးကျော်တိုက်ခိုက်ကာ နိုင်ငံပိုင် ဓနဥစ္စာ သယံဇာတများကို ခြယ်လှယ်သွေးစုပ်ကြပြီဆိုလျှင် ယင်းနိုင်ငံသားများသည် ကျွန်ဘဝသို့ ကျရောက်သွားမည်သာဖြစ်သည်။ ကိုယ့်မြေ၊ ကိုယ်ယာကို ကိုယ်မပိုင်သည်နှင့်အတူ အချုပ်အခြာအာဏာကိုလည်း မပိုင်နိုင်တော့ပေ။ ပြည်သူတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာ(လွတ်လပ်ခွင့်)ကို နယ်ချဲ့သမားတို့က လက်နက်အားကိုးဖြင့် လုယူခေါးပြတိုက်သွားပြီဖြစ်သည်။ ထို့ကြောင့်လည်း နယ်ချဲ့၏ ကျူးကျော်ကျွန်ပြုခံရသော နိုင်ငံတိုင်းမှ နိုင်ငံသားပြည်သူများက လွတ်လပ်ရေးတိုက်ပွဲဆင်နွှဲကာ မိမိတို့နိုင်ငံကို ပြန်လည်လွတ်လပ်အောင် သက်စွန့်ကြိုးပမ်း တိုက်ပွဲဝင်ကြသည်။ ထိုနိုင်ငံများသည် မည်သည့်ကိုလိုနီနယ်ချဲ့စနစ်မျိုးကိုမဆို ဆန့်ကျင်ကြသည်။ မြန်မာနိုင်ငံသည် ထိုနိုင်ငံအမျိုးအစားတွင် ပါဝင်လေသည်။

၁၉၄၈ခုနှစ်တွင် လွတ်လပ်ရေးရခဲ့သော မြန်မာနိုင်ငံ၌ ၁၉၄၇ ခုနှစ် အခြေခံဥပဒေဟုတွင်သော နိုင်ငံတော်ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကို လွတ်လပ်ရေးအမီ ရေးကြီးသုတ်ပျာရေးဆွဲခဲ့ရာ ခွဲထွက်ခွင့်ပုဒ်မများ ပါရှိသွားသဖြင့် ပြည်ထောင်စုကြီး အစိတ်စိတ်ကွဲမည့် အန္တရာယ်ကို ၁၉၆၂ ခုနှစ် မတ်လဆန်းတွင် ကြုံတွေ့လာရသည်။ ထို့ ကြောင့် ယင်းအခြေခံဥပဒေ တစ်ခန်းရပ်သွားခဲ့သည်။ ယင်းအခြေခံဥပဒေသည် ၁၄ နှစ်မျှသာ တည်တံ့ခဲ့သည်။

၁၉၆၂ ခုနှစ်မှ ၁၉၇၄ ခုနှစ်အထိ ၁၂ နှစ်ကြာ အခြေခံဥပဒေမရှိဘဲဖြစ်နေခဲ့ရပြီး ၁၉၇၄ ခုနှစ်တွင်မှ ဆိုရှယ်လစ်ဝါဒအခြေခံသော ဖွဲ့စည်းပုံဥပဒေကို ရေးဆွဲအတည်ပြုခဲ့သည်။ ထိုဒုတိယမြောက် မြန်မာ့ဖွဲ့စည်းပုံ အခြေခံဥပဒေသည် ၁၉၈၈ ခုနှစ် ဆူပူအကြမ်းဖက်မှုကြောင့် တစ်ခန်းရပ်သွားပြန်ရာ သက်တမ်းအားဖြင့် ၁၄ နှစ်သာ ရှိသည်။

၁၉၈၈ ခုနှစ်မှစ၍ အခြေခံဥပဒေမရှိဘဲဖြစ်နေရာမှ ယခင်အခြေခံဥပဒေနှစ်ခု၏ ပျော့ကွက်၊ ဟာကွက်၊ ချို့ယွင်းချက် သို့မဟုတ် အမှားများကို သင်ခန်းစာထုတ်ယူဆင်ခြင်ကာ တိုင်းရင်းသားလူမျိုး တစ်ရာကျော်တို့၏ ပြည်ထောင်စုကြီးအတွက် ရေရှည်တည်မြဲမည့် အကောင်းဆုံး အခြေခံဥပဒေတစ်ရပ်ကို ရေးဆွဲရန် ၁၉၉၂ ခုနှစ်တွင် နိုင်ငံတော်က ပါတီစုံကိုယ်စားလှယ်များနှင့် ညှိနှိုင်းခဲ့သည်။ NLD အပါအဝင် ပါတီစုံ၏ သဘောတူညီမှုဖြင့် ၁၉၉၃ ခုနှစ်မှစ၍ အမျိုးသားညီလာခံတစ်ရပ် ကျင်းပကာ မူများ ချမှတ်ခဲ့သည်။

အမျိုးသားညီလာခံသို့ ၁၉၉၃ ခုနှစ်မှ ၁၉၉၅ ခုနှစ်အထိ NLD ကိုယ်စားလှယ်တစ်ရာခန့် ပါဝင်တက်ရောက်ကာ အရေးပါ၊ အရေးကြီးသည့် အခြေခံမူများ၊ အသေးစိတ်အခြေခံရမည့်မူများ ချမှတ်ခဲ့ကြသည်။ ၁၉၉၆ ခုနှစ်တွင် အမျိုးသားညီလာခံ ယာယီအားဖြင့် ရပ်ဆိုင်းသွားခဲ့ပြီး ၂၀၀၄ ခုနှစ်တွင် ပြန်လည်ကျင်းပနိုင်ခဲ့သည်။ အမျိုးသားညီလာခံသည် ၂၀၀၇ ခုနှစ် စက်တင်ဘာလ ၃ ရက်နေ့တွင် အခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများအားလုံးကို အတည်ပြုချမှတ်နိုင်ခဲ့ပြီး အောင်မြင်စွာပြီးစီးခဲ့သည်။ ယင်းအခြေခံမူနှင့် အသေးစိတ်အခြေခံရမည့်မူများကို အခြေခံပြီး ၂၀၀၇ ခုနှစ် ဒီဇင်ဘာလ ၃ ရက်နေ့မှ ၂၀၀၈ ခုနှစ် ဖေဖော်ဝါရီလ ၁၉ ရက်နေ့အထိ အဖွဲ့ဝင် ၅၄ ဦးပါသော ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း) ရေးဆွဲရေးကော်မရှင်က နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(မူကြမ်း)ကို ရေးဆွဲခဲ့ကြသည်။

အခြေခံဥပဒေရေးဆွဲပြီးပါက ပါလီမန်လွှတ်တော်များက အတည်ပြုလေ့ရှိသည်။ အာဏာပိုင်(များ)ကလည်း အတည်ပြုသည့် အစဉ်အလာများရှိသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပြီး ပြည်သူတို့၏ ထောက်ခံမဲဖြင့် အတည်ပြုသော အခြေခံဥပဒေအချို့လဲ ရှိပါ၏။ သို့သော် နည်းပါးလှသည်။ မြန်မာနိုင်ငံတွင်ပင် ၁၉၇၃ ခုနှစ်က တစ်ကြိမ်၊ ယခု ၂၀၀၈ ခုနှစ်တွင် တစ်ကြိမ် ပြည်သူတို့ကိုယ်တိုင် မဲဆန္ဒပေးသော ဖွဲ့စည်းပုံအခြေခံဥပဒေ အတည်ပြုရေး ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ နှစ်ကြိမ် ကျင်းပခဲ့သည်။

ပြည်သူတို့ပိုင်ဆိုင်သော အချုပ်အခြာအာဏာရပ်များကို မည်သို့မည်ပုံ၊ မည်သည့်နည်းလမ်း၊ မည်သည့်စည်းကမ်းဖြင့် ပြည်သူတို့ကိုယ်စား မည်သူမည်ဝါတို့က ကျင့်သုံးဆောင်ရွက်ရမည်။ ပြည်သူ(နိုင်ငံသား)တို့၏ မူလအခွင့်အရေးနှင့်တာဝန်များက မည်သို့ဖြစ်သည်ကို အခြေခံဥပဒေတွင် ရေးဆွဲပြဋ္ဌာန်းရသည်။ ပြည်သူ့ကိုယ်စားလှယ်(လွှတ်တော်ကိုယ်စားလှယ်အမတ်)များက ပြည်သူတို့ကိုယ်စား အချုပ်အခြာအာဏာကို ကျင့်သုံးဆောင်ရွက်ရာတွင် နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူဘောင်အတွင်းမှ ဆောင်ရွက်ကြရသည်။ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေး အာဏာပိုင်များကို ပြည်သူတို့က အခြေခံဥပဒေဖြင့် လုပ်ပိုင်ခွင့် ပေးအပ်ရမြဲဖြစ်သည်။ ထို့ကြောင့် အခြေခံဥပဒေကို ပြည်သူနှင့်အစိုးရ(ပြည်သူ့ကိုယ်စားလှယ်အာဏာပိုင်)တို့အကြား ချုပ်ဆိုသော (အချုပ်အခြာ အာဏာကျင့်သုံးမှု လုပ်ပိုင်ခွင့်အပ်နှင်းသော) စာချုပ်ကြီးဟု ဆိုခြင်းဖြစ်သည်။

နိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေမူကြမ်း(၂၀၀၈)ကို ဒီမိုကရေစီနည်းအကျဆုံးဖြစ်သည့် ပြည်လုံးကျွတ်ဆန္ဒခံယူအတည်ပြုရန်အတွက် အဖွဲ့ဝင် ၄၅ဦးပါဝင်သည့် ဖွဲ့စည်းပုံအခြေခံဥပဒေ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်ကို ဖွဲ့စည်းဆောင်ရွက်ခဲ့သည်။ပြည်နယ်/တိုင်း ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲများ၊ ခရိုင်၊ မြို့နယ်၊ ရပ်ကွက် ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်အဖွဲ့ခွဲများကို ပြည်ထောင်စုတစ်ဝန်း၌ ဖွဲ့စည်းခဲ့သည်။ တစ်ပြည်လုံးရှိကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်တွင် အဖွဲ့ဝင် ထောင်နဲ့ချီ၍ ပါဝင်ခဲ့သည်။ ကော်မရှင်အဖွဲ့တိုင်းတွင် ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အများပြည်သူ ကြည်ညိုလေးစားသူများ ပါဝင်သည်။

တစ်ပြည်လုံးတွင် မဲရုံမှူးများ၊ မဲရုံအဖွဲ့ဝင်များ သောင်းသိန်းချီပြီး တာဝန်ယူကြသည်။ မူလက ပြည်ထောင်စုတစ်ဝန်းလုံး ၃၂၅ မြို့နယ်တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရန် မေလ ၁၀ ရက်နေ့ကို သတ်မှတ်ကာ ကြိုတင်ပြင်ဆင်မှုများ အထပ်ထပ် စိစစ်ဆောင်ရွက်ထားကြသည်။ မေလ ၂ရက်နေ့နှင့် ၃ရက်နေ့များတွင် နာဂစ်မုန်တိုင်းက ကြိုတင်ခန့်မှန်းမထားနိုင်သော အရှိန်အဟုန်(ပြင်းအား)ဖြင့် ဧရာဝတီတိုင်း၊ ရန်ကုန်တိုင်း၊ ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို ဖြတ်သန်းတိုက်ခတ်ခဲ့သည်။ ယင်းဒေသများကို သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသအဖြစ် ကြေညာခဲ့ရသည်။

မုန်တိုင်းလွန်ပြီးနောက် လေ့လာစစ်ဆေးကြည့်ရာတွင် ဧရာဝတီတိုင်းမှ မြို့နယ် ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀ တို့၌သာ ပျက်စီးဆုံးရှုံးမှု၊ ထိခိုက်သေဆုံးမှု အများဆုံးဖြစ်ပွားခဲ့သည်ကို တွေ့ရသည်။ ကျန် ပဲခူးတိုင်း၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်တို့ကို သဘာဝဘေးအန္တရာယ် ကျရောက်ရာဒေသအဖြစ်မှ ပယ်ဖျက်ရုပ်သိမ်းခဲ့သည်။

မေလ ၆ရက်နေ့တွင် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က မုန်တိုင်းဒဏ် ပြင်းပြင်းထန်ထန်ခံရသော ဧရာဝတီတိုင်းမှ မြို့နယ် ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀ တို့တွင် ပြည်လုံးကျွတ် ဆန္ဒခံယူပွဲ ကျင်းပမည့်ရက်ကို မေလ ၂၄ ရက်နေ့သို့ ရွှေ့ဆိုင်းကြောင်း ကြေညာချက်အမှတ်(၈/၂၀၀၈)ဖြင့် ထုတ်ပြန်ကြေညာခဲ့သည်။ မေလ ၁၀ရက်နေ့တွင် ပြည်နယ်၊ တိုင်းဒေသစုံမှ ၂၇၈ မြို့နယ်၊ (ရန်ကုန်တိုင်းမှ ငါးမြို့နယ်၊ ဧရာဝတီတိုင်းမှ ၁၉ မြို့နယ်အပါအဝင်)တို့တွင် အခြေခံဥပဒေအတည်ပြုရေး ဆန္ဒခံယူပွဲများ ကျင်းပခဲ့သည်။ ဧရာဝတီတိုင်းမှ ကျန်ခုနစ်မြို့နယ်နှင့် ရန်ကုန်တိုင်းမှ မြို့နယ် ၄၀ စုစုပေါင်း ၄၇ မြို့နယ်တွင် မေလ ၂၄ရက်နေ့ကျမှ ဆန္ဒခံယူပွဲကျင်းပခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် ပြည်သူတစ်ရပ်လုံး ပိုင်ဆိုင် သည့် အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါတို့က ပြည်သူ့ကိုယ်စား ကျင့်သုံးဆောင်ရွက်ရမည်ကို စည်းကမ်းချပေးသောပွဲဟု ဆိုရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများ၌ ပြည်သူတို့က မဲဆန္ဒပေး ရွေးချယ်သော ကိုယ်စားလှယ်(အမတ်)များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ ထင်ရာ လုပ်ခွင့်မရှိပေ။ ထို့ကြောင့် ပြည်သူ့ဘက်က ချမှတ်ပေးသော စည်းကမ်းချက်များ ခိုင်ခိုင်မာမာရှိထားရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှေးဦးစွာ အတည်ပြုထားရပေသည်။ အချို့နိုင်ငံကြီးငယ်များစွာတွင်ပင် အခြေခံဥပဒေကို ပြည်သူက ဆုံးဖြတ်ခြင်း ပြုလေ့မရှိပေ။ ပြည်လုံးကျွတ် ဆန္ဒခံယူပွဲဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့ကိုယ်တိုင် ဆန္ဒပေး အတည်ပြုကြခြင်းဖြစ်ရာ ဒီမိုကရေစီ နည်းအကျဆုံးဖြစ်ပေသည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပပြီး အခြေခံဥပဒေကို အတည်ပြုသော နိုင်ငံအနည်းငယ်မျှသာရှိရာ ထိုအနည်းငယ်တွင် မြန်မာနိုင်ငံ ပါဝင်ပေသည်။ ထို့ကြောင့် မြန်မာနိုင်ငံတွင် ၂၀၀၈ ခုနှစ် မေလအတွင်း ကျင်းပခဲ့သည့် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ၌ အသက်(၁၈)နှစ်ပြည့်ပြီးသော မြန်မာနိုင်ငံသားတိုင်း (သာသနာ့ဝန်ထမ်း၊ ပြစ်ဒဏ်ကျခံဆဲနှင့် စိတ်ပေါ့သွပ်သူများမှအပ) ဆန္ဒမဲပေးခွင့်ရစေရန် ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပရေးကော်မရှင်က အလေးထား၍ ဆောင်ရွက်ခဲ့သည်။

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲကျင်းပရေးဥပဒေ၊ နည်းဥပဒေတို့နှင့်အညီ ဆန္ဒခံယူပွဲတစ်ရပ်လုံးကို ဥပဒေစည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပရန်၊ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲဖြစ်စေရန် ကော်မရှင်အဆင့်ဆင့်အား ဗဟိုကော်မရှင်က ကြီးကြပ်လမ်းညွှန်ခဲ့သည်။

မေလ ၁၀ ရက်နေ့တွင် အသက်(၁၈)နှစ် ပြည့်ပြီးသူများကိုပါ မဲဆန္ဒရှင်စာရင်းတွင် ပါဝင်နိုင်အောင် ဆောင်ရွက်ပေးခဲ့သည်။ ဆန္ဒခံယူပွဲအကြောင်းကို ရုပ်မြင်သံကြားဇာတ်လမ်းများ၊ ဆွေးနွေးခန်းများ၊ လုံ့ဆော်တေးများ၊ စာနယ်ဇင်းဆောင်းပါးများဖြင့် ကြိုတင်အသိပေးခဲ့သည်။ အခြေခံဥပဒေ(မူကြမ်း)ကို အများပြည်သူ ဖတ်ရှုလေ့လာနိုင်ရန် ဧပြီလ ၉ရက်နေ့တွင် ထုတ်ဝေဖြန့်ချိပေးခဲ့သည်။ မဲရုံမှူး၊ မဲရုံအဖွဲ့ဝင်များအား ဆန္ဒခံယူပွဲဥပဒေ၊ နည်းဥပဒေနှင့် လုပ်ငန်းလမ်းညွှန်ချက်စာအုပ်များ ဖတ်ရှုနိုင်ရန် စီစဉ်ပေးပြီး သင်တန်းများ ပေးခဲ့သည်။ သင်တန်းများ၊ အစည်းအဝေးများ၊ လုပ်ငန်းညှိနှိုင်းပွဲများ၌ ဆန္ဒခံယူပွဲကို ဥပဒေစည်းမျဉ်းစည်းကမ်းနှင့်အညီဖြစ်စေအောင်၊ (၁၈)နှစ်ပြည့်ပြီးသူတိုင်း မဲပေးခွင့်ရအောင်၊ လွတ်လပ်၍ တရားမျှတသော ဆန္ဒခံယူပွဲဖြစ်အောင် ဆောင်ရွက်သွားရန် ကော်မရှင်အဖွဲ့ဝင်များက အလေးအနက်ထားကာ အကြိမ်ကြိမ်အထပ်ထပ် မှာကြားခဲ့သည်။

မဲရုံများကို ရပ်ကွက်၊ ကျေးရွာများမှ မဲဆန္ဒရှင်များ အလွယ်တကူ လာရောက်မဲပေးနိုင်မည့်နေရာတွင် ထားရှိရန်၊ မဲရုံအတွင်း၌ မဲပုံးများကို အများပြည်သူ(မဲရုံပြင်ပမှပင်) မြင်နိုင်သော နေရာ၌ထားရန်၊ ဆန္ဒပြုခန်းများကို လုံခြုံစွာ ကာရံပေးပြီး ပြည်သူတို့ လွတ်လပ်စွာ မိမိတို့ဆန္ဒအတိုင်း ထောက်ခံမဲ(✔)ပေးလိုကပေး၊ ကန့်ကွက်မဲ (✘) ပေးလိုကပေးနိုင်အောင် စီစဉ်ပေးထားရန် စီမံထားခဲ့သည်။

နံနက် ၆ နာရီ မဲရုံဖွင့်သည်နှင့် မဲရုံမှူးက ဆန္ဒမဲပေးရန် မဲရုံသို့ ရောက်ရှိလာသည့် ပြည်သူငါးဦးကို ဖိတ်ကြားကာ မဲရုံအတွင်းမှ မဲပုံးများကို ဖွင့်ပြသည်။ မဲရုံပြင်ပမှ ကြည့်နေသူတိုင်း မြင်နိုင်အောင် မဲပုံးကို သွန်မှောက်လှုပ်ခါပြသည်။ ဤသို့လုပ်ပြရခြင်းမှာ ကမ္ဘာနှင့်မြန်မာတွင် ယခင်ကကြုံရဖူးသည့် မဲပေးပွဲ ကျင်းပစီမံသူအချို့က မဲပုံးများအတွင်း မိမိတို့အား ထောက်ခံသည့်မဲပြားများ ကြိုတင်ထည့်ထားခြင်းမျိုး ယခုဆန္ဒခံယူပွဲတွင် လုံးဝမရှိကြောင်း ပြသခြင်းပင်ဖြစ်သည်။ (ယခင် ပါတီစုံဒီမိုကရေစီရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ဝင် ဆရာချယ် ရေးသားသော "လွတ်လပ်၍တရားမျှတသော ပါတီစုံဒီမိုကရေစီ ရွေးကောက်ပွဲကြီးသို့" စာအုပ်တွင် ယခင်က မဲလိမ်၊ မဲညစ်၊ မဲကလိန်ကျမှုများ၊ ကောက်ကျစ်မှုများကို အထောက်အထားဖြင့် ဖော်ပြထားသည်ကို လေ့လာကြည့်လျှင် ပိုမိုသိရှိနိုင်ပါသည်။) ယခင်ပါလီမန် ဒီမိုကရေစီခေတ်က မဲပေးပွဲကလိန်ကျမှုမျိုး ထပ်မံမဖြစ်ပွားစေရန်အတွက် သင်ခန်းစာယူပြီး ပြည်သူ့ဆန္ဒအမှန် (ထောက်ခံလိုသည်ဖြစ်စေ၊ ကန့်ကွက်လိုသည်ဖြစ်စေ) ဖော်ပြမဲပေးနိုင်ရန် အထူးဂရုစိုက် စီမံဆောင်ရွက်ပေးထားသည်။

မဲဆန္ဒပေးပွဲမှာ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိဖြစ်ရာ နာရီအားဖြင့် ၁၀ နာရီ (မိနစ် ၆၀၀) ဖြစ်လေသည်။ မဲစာရင်းစစ်ဆေးသူတစ်ဦးနှင့် ဆန္ဒမဲလက်မှတ် ထုတ်ပေးသူတစ်ဦးတို့ဖြင့် လူ ၁၀၀၀ စာ မဲရုံတွင် မဲစာရင်းစစ်ဆေးခြင်း၊ မဲပြားထုတ်ပေးခြင်းတို့ကို အဆင်ပြေပြေ ဆောင်ရွက်ပေးရန် ခက်ခဲနိုင်သဖြင့် မဲစာရင်းစစ်သူ၊ မဲလက်မှတ်(မဲပြား) ထုတ်ပေးသူအဆိုင်းများကို တိုးမြှင့်ချထားပေးခဲ့သည်။ အမျိုးသားရေးစေတနာရှင်အဖွဲ့အစည်း NGO များက မဲဆန္ဒရှင်များအနေဖြင့် မဲစာရင်းမှ မိမိတို့၏အမှတ်စဉ်ကို အလွယ်တကူသိရှိစေရန်နှင့် အလွယ်တကူ (အချိန်တိုအတွင်း)ရှာတွေ့နိုင်ရန်အတွက် မဲစာရင်းအမှတ်နှင့် မဲဆန္ဒရှင်အမည်ကို ဖော်ပြထားသည့် ကူညီရေး Slip များကို ကြိုတင်ဝေငှပေးထားကြသည်။ ဤသို့ဖြင့် မဲဆန္ဒရှင်များ မဲရုံသို့ ခပ်နီးနီးသွားပြီး မဲလက်မှတ်ကို အချိန်တိုအတွင်း အလွယ်ထုတ်ယူကာ မိမိတို့စိတ်တိုင်းကျ ဆန္ဒပေးနိုင်ခဲ့ကြသည်။ **(ဆက်လက်ဖော်ပြပါမည်။)**

ပြည်လုံးကျွတ်ဆန္ဒခံယူပွဲသည် ပြည်သူတစ်ရပ်လုံးပိုင်ဆိုင်သည့် အချုပ်အခြာအာဏာကို မည်သို့မည်ပုံ၊ မည်သူမည်ဝါတို့က ပြည်သူ့ကိုယ်စား ကျင့်သုံးဆောင်ရွက်ရမည်ကို စည်းကမ်းချပေးသောပွဲဟု ဆိုရမည်ဖြစ်ပါသည်။ ရွေးကောက်ပွဲများ၌ ပြည်သူတို့က မဲဆန္ဒပေး ရွေးချယ်သော ကိုယ်စားလှယ်(အမတ်)များသည် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေအတိုင်း လိုက်နာဆောင်ရွက်ကြရသည်။ ထင်ရာလုပ်ခွင့်မရှိပေ။ ထို့ကြောင့် ပြည်သူ့ဘက်က ချမှတ်ပေးသော စည်းကမ်းချက်များ ခိုင်ခိုင်မာမာရှိထားရန်အတွက် ဖွဲ့စည်းပုံ အခြေခံဥပဒေကို ရှေးဦးစွာ အတည်ပြုထားရပေသည်။

အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး) သင်တန်းများ ဖွင့်ပွဲကျင်းပ

တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေနှင့် ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်တို့ တက်ရောက်

နေပြည်တော် ဇွန် ၄

အားကစားနှင့်ကာယပညာသိပ္ပံ (မန္တလေး)၏ ၂၀၀၈-၂၀၀၉ ပညာသင်နှစ် အားကစားနှင့်ပညာရေးပေါင်းစပ်သင်တန်းနှင့် အားကစားလေ့ကျင့်ရေးသင်တန်းများဖွင့်ပွဲကို ဇွန် ၂ရက် နံနက် ၁၀ နာရီတွင် အားကစားနှင့်ကာယပညာသိပ္ပံ(မန္တလေး)ရှိ အားကစားခန်းမ၌ ကျင်းပရာ အခမ်းအနားသို့ မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်ငွေ၊ မြန်မာနိုင်ငံ အိုလံပစ်ကော်မတီ ဥက္ကဋ္ဌ၊ အားကစားဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သူရအေးမြင့်၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ မြို့တော်ဝန် ဗိုလ်မှူးချုပ်ဖုန်းဇော်ဟန်၊ မြန်မာနိုင်ငံ အမျိုးသမီးအားကစားအဖွဲ့ချုပ် နာယက တိုင်းမှူး၏ ဇနီး ဒေါက်တာဒေါ်ခင်သီတာ၊ မန္တလေးတိုင်း အမျိုးသမီးအားကစားအဖွဲ့ နာယက မြို့တော်ဝန်၏ဇနီး ဒေါ်မိုးသီတာ၊ အားကစားဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ တိုင်းအဆင့်ဌာနဆိုင်ရာများနှင့် တိုင်းအားကစားနှင့်ကာယပညာကော်မတီဝင်များ၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ကျောင်းအုပ်ကြီးနှင့် နည်းပြများ၊ ဆရာ၊ ဆရာမများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းမှူးနှင့် ဝန်ကြီးတို့က အမှာစကားပြောကြားသည်။

ပေးအပ်

ယင်းနောက် ဝန်ကြီးက အားကစားနှင့် ပညာရေး ပေါင်းစပ်လေ့ကျင့်ရေး အထက်တန်းကျောင်းမှ ဆရာ၊ ဆရာမများအတွက် ကျောင်းဝတ်စုံစရိတ် ထောက်ပံ့ငွေ၊ အားကစားနည်းအလိုက် နည်းပြများအတွက် ဝတ်စုံစရိတ်နှင့် လူငယ်ဘောလုံး ဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်ဖြင့် ဘောလုံးနည်းပြများအတွက် ခြောက်လစာထောက်ပံ့စရိတ်ငွေတို့ကို ပေးအပ်သည်။

တိုင်းမှူးက ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေအတွက် မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကိုလည်းကောင်း၊ မန္တလေးမြို့တော်ဝန်က မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီမှ လှူဒါန်းငွေကျပ် ၁၀ သိန်းကိုလည်းကောင်း ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

ရုပ်သိမ်း

ယင်းနောက် ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ရန်ပုံငွေအတွက် ဦးရွှင်ချောက် (AAA ဘိလပ်မြေစက်ရုံ)၊ ဦးတင်မောင်(ဟွန်ဒါမြန်မာကုမ္ပဏီ)နှင့် ဦးသိန်းတန်(ရွှေပြည်သာကုမ္ပဏီ)တို့က ငွေကျပ် ငါးသိန်းစီ၊ ဦးကျော်စိန် JEWELLERY LUCK ကုမ္ပဏီက ငွေကျပ်သုံးသိန်း၊ ဦးစိုးမြင့် (မန္တလာဆေးရုံ)နှင့် ဦးအောင်ဝင်းခိုင် (မြန်မာဆင် ဘိလပ်မြေစက်ရုံ)တို့က ငွေကျပ် နှစ်သိန်းစီ၊ ဦးဟန်မြိုင် (မော်မော်စန်းထိုးမုန့်)၊ ဦးထွန်းအောင် (AMAမော်တော်ကားထုတ်လုပ်ရေး) တို့က ငွေကျပ်တစ်သိန်းစီတို့ကို အသီးသီး ပေးအပ်လှူဒါန်းကြရာ ဝန်ကြီးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ပြီး အခမ်းအနားကို ရုပ်သိမ်းသည်။

(သတင်းစဉ်)

ပေးအပ်လှူဒါန်း

ရန်ကုန်မြို့ ဗိုလ်တထောင် ကျိုက်ဒေးအပ် ဆံတော်ဦးစေတီတော်အား ရွှေစင် ရွှေပြား ရွှေသင်္ကန်းတော်များ ကပ်လှူရန် ကိုးလက်မ ပတ်လည် တစ်ကျပ်သား ရွှေပြားတစ်ချပ်အတွက် အလှူငွေကျပ် ၅၄၀၀၀၀ ကို ကွယ်လွန်သူမိဘ ဦးဘိုးမျှင်-ဒေါ်သဲရွှေတို့အားရည်စူး၍ ရန်ကုန်မြို့ တောင်ဥက္ကလာပမြို့နယ် (၅)ရပ်ကွက် စစ်ကိုင်း(၂၅)လမ်းနေ ဦးမောင်ရွှေက အလှည့်ကျဂေါပကအဖွဲ့ဝင် ဦးလှထွန်းနှင့် ဦးခင်ရွှေတို့အား ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ် သန်းဌေး မိုးစပါးစိုက်ပျိုးရန် ထွန်ယက်မှုကြည့်ရှု

ရန်ကုန် ဇွန် ၄

ကွမ်းခြံကုန်းမြို့ ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို ကြီးကြပ်ဆောင်ရွက်လျက်ရှိသော ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးအသင်း ဗဟိုအလုပ်အမှုဆောင် စွမ်းအင်ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်သန်းဌေးသည် မေ ၂၉ ရက် နံနက်ပိုင်းတွင် ကွမ်းခြံကုန်းမြို့ ကမာပါကျေးရွာသို့ သွားရောက်၍ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စက်မှုလယ်ယာဦးစီးဌာနမှ ဝန်ထမ်းများနှင့် ကျေးရွာရှိ လယ်သမားများ ပူးပေါင်း၍ မိုးစပါးနှစ်သီး ပြန်လည်စိုက်ပျိုးနိုင်ရေးအတွက် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ ပံ့ပိုးပေးသော လက်တွန်းထွန်စက်များဖြင့် ထွန်ယက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ဆွေးနွေးမှာကြား

ထို့နောက် ဗဟိုအလုပ်အမှုဆောင်သည် အေးရှားဝေါလ်ကုမ္ပဏီ၏ တန်ဖိုးနည်းအိမ်ရာ တည်ဆောက်နေမှုများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ဇာတိမာန်ခန်းမ၌ ခရိုင်၊ မြို့နယ်၊ ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင်များ၊ မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမှ တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ မျိုးစပါးရရှိရေး၊ စပါးတစ်မိုးနှစ်သီးစိုက်ပျိုးရေး ညှိနှိုင်းစည်းဝေး၍ လိုအပ်ချက်များ ဆွေးနွေးမှာကြားသည်။

ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ လယ်မြေအချို့တွင် မုန်တိုင်းဒဏ်ကြောင့် ရေငန်ဝင်ရောက်မှုရှိသော်လည်း ပုံမှန်နှစ်များအတိုင်း စိုက်ပျိုးနိုင်မည်ဖြစ်ပြီး ဆုံးရှုံးသွားသော ကျွဲ၊ နွားများအစား နိုင်ငံတော်မှ စီစဉ်ပံ့ပိုးသော ထွန်စက်များဖြင့် အားဖြည့်၍ အင်တိုက်အားတိုက် ထွန်ယက်လျက်ရှိကြရာ ဧက၄၀၀၀ ကျော် ထွန်ယက်ပြီးစီး၍ စတင်စိုက်ပျိုးလျက် ရှိကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အထွေထွေရောဂါကု ဆရာဝန်များက ရောဝတီတိုင်း လပွတ္တာမြို့နယ်ရှိ လေဘေးသင့်ပြည်သူများအား ဆေးအကာအကွယ်များဆောင်ရွက်ရာ၌ လေဘေးသင့် ကလေးငယ်များအား ပညာပေးဖျော်ဖြေမှုအစီအစဉ် ပြုလုပ်ပေးစဉ်။ (က-ပ)

လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုအတွက် စင်ကာပူနိုင်ငံ ဆေးကုသရေးအဖွဲ့က ဆေးနှင့်ဆေးပစ္စည်းများလှူဒါန်း

ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦးထံ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို မြန်မာနိုင်ငံဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong ပေးအပ်လှူဒါန်းစဉ်။ (ကျန်းမာရေး)

ရန်ကုန် ဇွန် ၄

စင်ကာပူနိုင်ငံ ဆေးကုသရေးအဖွဲ့ (Singapore Medical Team) က လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းတွင် အသုံးပြုရန် ကျန်းမာရေးဝန်ကြီးဌာနသို့ ဆေးနှင့်ဆေးပစ္စည်း လှူဒါန်းပွဲ အခမ်းအနားကို ဇွန် ၃ ရက် နံနက် ၁၁ နာရီတွင် ရန်ကုန်ပြည်သူ့ဆေးရုံကြီး အရေးပေါ်နှင့် ပြင်ပလူနာအထူးကုဌာနရှိ ကွပ်ကဲမှုရုံးခန်း၌ ကျင်းပရာ ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာမြဦး တက်ရောက်၍ လက်ခံသည်။

ရှေးဦးစွာပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီး H.E. Mr. Robert Chua Hian Kong က ဆေးနှင့် ဆေးပစ္စည်းများ လှူဒါန်းရခြင်းအကြောင်း ရှင်းလင်းပြောကြားပြီး ဒုတိယဝန်ကြီးက ဧရာဝတီတိုင်းအတွင်း လေဘေးသင့် ပြည်သူများအား စင်ကာပူနိုင်ငံမှ ကျန်းမာရေးစောင့်ရှောက်မှုလာရောက်ဆောင်ရွက်သည့် ဆေးကုသရေးအဖွဲ့အား ဂုဏ်ပြုလွှာများပေးအပ်ရာ စင်ကာပူသမ္မတနိုင်ငံ ဆေးကုသရေးအဖွဲ့ ခေါင်းဆောင် Dr. Fatimah က လက်ခံသည်။

ထို့နောက် စင်ကာပူသမ္မတနိုင်ငံ သံအမတ်ကြီးက အမေရိကန်ဒေါ်လာ ၁၁၀၀၀၀ တန်ဖိုးရှိ ဆေးနှင့် ဆေးပစ္စည်းများကို ပေးအပ်လှူဒါန်းရာ ဒုတိယဝန်ကြီး ဒေါက်တာမြဦးက လက်ခံပြီး ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်သည်။

(သတင်းစဉ်)

အင်ဒိုနီးရှားမှ ဆေးအဖွဲ့ရောက်ရှိ

အင်ဒိုနီးရှား သမ္မတနိုင်ငံမှ Prof: Dr. Munar Lubis. SP.A ဦးဆောင်သည့် ဆေးအကာအကွယ် ပေးရေးအဖွဲ့ ရန်ကုန် အပြည်ပြည်ဆိုင်ရာ လေဆိပ်သို့ ရောက်ရှိလာရာ ကြိုဆိုသူများနှင့်အတူ တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်စလူမြို့၌ လေဘေးသင့် မိသားစုများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

☆ ရှေ့ဖုံးမှ

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် အုတ်တွင်းကျေးရွာသို့ ရောက်ရှိကြပြီး နယ်မြေခံတပ်နယ်မှ ဗိုလ်မှူးချုပ် မျိုးမြင့်သန်းနှင့် တာဝန်ရှိသူများ၊ အုတ်တွင်းကျေးရွာ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများတွင် ပါဝင်ကူညီဆောင်ရွက်လျက်ရှိသည့် ရွှေသံလွင်ကုမ္ပဏီ၊ အရုဏ်ဦးကုမ္ပဏီတို့မှ တာဝန်ရှိသူများနှင့်အတူ အုတ်တွင်းကျေးရွာ၌ ကယ်ဆယ်ရေးစခန်း ဖွင့်လှစ်ထားသည့် အခြေအနေများကို လှည့်လည်ကြည့်ရှုကြသည်။

အစီအမံများ ရှင်းလင်းပြောကြား

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ကယ်ဆယ်ရေးစခန်းသို့ ရောက်ရှိနေကြသည့် အုတ်တွင်းကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား လိုက်လံနှုတ်ဆက်အားပေးပြီး လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ဒေသများ ပြန်လည်တည်ဆောက်ရေး၊ ဒေသခံပြည်သူများ၏ စားရေး၊ နေရေး၊ အသက်မွေးကြောင်းဆိုင်ရာ လုပ်ငန်းများ ပြန်လည်လုပ်ကိုင်နိုင်ရေးတို့အတွက် နိုင်ငံတော်က စီစဉ်ဆောင်ရွက်ပေးသွားမည့် အစီအမံများကို ရှင်းလင်းပြောကြားကာ တစုတဝေးနေရသည့်အခိုက် တစ်ဦးနှင့်တစ်ဦး ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး နေထိုင်ကြရန် မှာကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် ငပုတောမြို့နယ် ဟိုင်းကြီးကျွန်းမြို့သို့ ရောက်ရှိကြပြီး ဟိုင်းကြီးကျွန်းမြို့ လေမုန်တိုင်းဒဏ်ခံခဲ့ရမှုနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်း ဆောင်ရွက်ပြီးစီးမှုအခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များအား ဟိုင်းကြီးကျွန်းမြို့ နယ်မြေခံတပ်နယ် ရှင်းလင်းရေးဆောင်၌ တပ်နယ်မှ ဗိုလ်မှူးချုပ်မျိုးမြင့်သန်းက ငပုတောမြို့နယ်အတွင်းနှင့် ဟိုင်းကြီးကျွန်းမြို့၌ လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်ချက်များနှင့် ပြီးစီးမှုများ၊ ဒေသတိုးတက်ဖွံ့ဖြိုးရေးအတွက် ဆက်လက်ဆောင်ရွက်ဖွယ်ရာများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ပိုမိုတိုးတက်မြင့်မားသွားအောင်

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လေဘေးသင့်ဒေသများ၌ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို မဖြစ်မနေ ဆောင်ရွက်ကြရမည့်အခြေအနေတွင် မူလအနေအထားထက် ပိုမိုတိုးတက်မြင့်မားသွားအောင် တည်ဆောက်ပေးမည်ဆိုသော ရည်မှန်းချက်ဖြင့် ဆောင်ရွက်ကြရန်ဖြစ်ကြောင်း။

ကယ်ဆယ်ရေးစခန်းများတွင် သန့်ရှင်းသပ်ရပ်၍ ကျန်းမာရေးနှင့် ညီညွတ်အောင် စီစဉ်ပေးထားသလို နောင်အဖို့တွင်လည်း ယင်းအလေ့အထ စွဲမြဲသွားအောင် လေ့ကျင့်ပေးရမှာဖြစ်ကြောင်း။

စိုက်ပျိုးရေးလုပ်ငန်း ပြန်လည်တည်ဆောက်ပေးရာတွင်လည်း မူလစိုက်ဧကထက် မလျော့စေဘဲ စိုက်ပျိုးနိုင်ရေး စီမံသွားရန်နှင့် စက်မှုလယ်ယာသို့ ကူးပြောင်းနိုင်အောင် စီစဉ်ပေးရန်ဖြစ်ပြီး ရေလုပ်ငန်းအတွက်လည်း ဒေသတွင်သုံးစွဲလေ့ရှိသည့် ပိုက်အမျိုးအစားနှင့် လှေများ ကူညီဆောင်ရွက်ပေးရန်ဖြစ်ကြောင်း။

နေရေးစားရေးနှင့် စီးပွားရေးလုပ်ငန်းများ ပိုမိုမြင့်မားလာစေရအောင် ဦးတည်ဆောင်ရွက်သွားကြရန်ဖြစ်ကြောင်း။

နိုင်ငံတော်၏ ရည်မှန်းချက်ကို အခြေခံအဆင့်တွင် လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေကြသူများ သိရှိသဘောပေါက်အောင် တာဝန်ရှိသူအဆင့်ဆင့်က ရှင်းပြကြရန် မှာကြားသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နှုတ်ဆက်

ထိုမှတစ်ဆင့် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် နံနက် ၁၁နာရီတွင် ဟိုင်းကြီးကျွန်းမြို့မှ ငပုတောမြို့နယ် ပြင်စလူမြို့သို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြပြီး ရှေးဦးစွာ ယာယီရွက်ဖျင်တဲများဖြင့် ဌာနဆိုင်ရာ အဆောက်အအုံများ ဖွင့်လှစ်ထားမှုကို ကြည့်ရှုကြပြီး ဌာနဆိုင်ရာ ဝန်ထမ်းများအား နှုတ်ဆက်အားပေးကြသည်။

နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် [...]
များကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လ[...]
ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိ[...]
ရေးစခန်းကို ကြည့်ရှုပြီး လေဘေးသ[...]
လိုက်လံနှုတ်ဆက် အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှ[...]
သည် လေဘေးသင့် ပြည်သူများအား [...]
ဂျပန်နိုင်ငံမှ Dr. Kanai Kaname [...]
အကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အ[...]
ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှု[...]

အားပေ[...]

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီး[...]
လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေ[...]

နိုင်ငံတော်အေးချမ်းသာယာရေ[...]
ဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်[...]
ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်[...]
မြို့၌ လေဘေးသင့် မိသားစုများအ[...]
ရေး လိုအပ်ချက်များ၊ လူနေမှုဘဝ [...]
စပ်လျဉ်း၍ နိုင်ငံတော်က စီမံဆောင်[...]
ရှင်းလင်းပြောကြားစဉ်။

ထို့နောက် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်ဆွေက ပြင်စလူမြို့ နယ်မြေဒေသအခြေအနေနှင့် စပ်လျဉ်း၍ မြေပုံဖြင့် ရှင်းလင်းတင်ပြရာ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ယာယီတဲများဖြင့် လေဘေးသင့်ပြည်သူများအား နေရာစီစဉ်ချထားပေးမှုများကို ကြည့်ရှုပြီး လေဘေးသင့် မိသားစုများအား လိုက်လံတွေ့ဆုံ၍ မိသားစုအခြေအနေ၊ စခန်းအတွင်း ကျန်းမာရေး၊ နေထိုင်စားသောက်မှုအခြေအနေနှင့် မူလလက်ငုတ်အလုပ်အကိုင်တို့ကို ရင်းရင်းနှီးနှီး မေးမြန်းကာ အားပေးစကားပြောကြားသည်။

စီမံဆောင်ရွက်ပေးသွားမည်

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် လေဘေးသင့်ပြည်သူများအား ထပ်မံတွေ့ဆုံပြီး လေဘေးသင့်ပြည်သူများသည် မိမိတို့၏ မိသားစုဝင်များပင်ဖြစ်ကြောင်း၊ ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များ၊ လူနေမှုဘဝမြှင့်တင်ပေးရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ နိုင်ငံတော်က စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ပြင်စလူမြို့မှ လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်းသို့ ရဟတ်ယာဉ်များဖြင့် ရောက်ရှိကြသည်။ ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး

ရွက်ပေးနေကြသည့် မန္တလေးမြို့ သင်ကြ[...]
များ၊ ဆရာဝန်များ၊ သူနာပြုများအား [...]

လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်[...]
များအား မြန်မာနိုင်ငံ ဆရာဝန်အသင်[...]
ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်[...]
အဖွဲ့တို့မှ ပါရဂူများ၊ ဆရာဝန်များက ကု[...]
ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီ[...]
မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာ[...]
ငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်မျာ[...]
ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွ[...]
များကို ကြည့်ရှုကြသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာမြို့နယ် (၃)မိုင် ကယ်ဆယ်ရေးစခန်း၌ ဂျပန်နိုင်ငံမှ Dr. Kanai Kaname ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့က ဒေသခံ ပြည်သူများအား ဆေးဝါးကုသပေးနေမှုကို ကြည့်ရှုစဉ်။ (သတင်းစဉ်)

နှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများကို အနီးကပ်ကြီးကြပ် ဆောင်ရွက်လျက်ရှိသည့် သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်နှင့် တာဝန်ရှိသူများနှင့်အတူ (၃)မိုင် ကယ်ဆယ်ရေးစခန်းကို ကြည့်ရှုပြီး လေဘေးသင့်ပြည်သူများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် အားပေးကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့် ပြည်သူများအား ဆေးဝါးကုသပေးလျက်ရှိသည့် ဂျပန်နိုင်ငံမှ Dr. Kanai Kaname ခေါင်းဆောင်သော ဆေးအကာအကွယ်ပေးရေးအဖွဲ့အား နှုတ်ဆက်အားပေးပြီး ဒေသခံပြည်သူများအား ဆေးဝါးကုသပေးနေမှုများကို ကြည့်ရှုကြသည်။

အားပေး

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးအတွက် လာရောက်ကူညီ ဆောင်

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ပြင်စလူမြို့၌ လေဘေးသင့် မိသားစုများအား ပြန်လည်တည်ဆောက်ရေး လိုအပ်ချက်များ၊ လူနေမှုဘဝ မြှင့်တင်ပေးရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ နိုင်ငံတော်က စီမံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ရှင်းလင်းပြောကြားစဉ်။ (သတင်းစဉ်)

ရွက်ပေးနေကြသည့် မန္တလေးမြို့ သင်ကြားရေးဆေးရုံခုတင် ၃၀၀ မှ ပါရဂူများ၊ ဆရာဝန်များ၊ သူနာပြုများအား နှုတ်ဆက်အားပေးကြသည်။

လပွတ္တာမြို့နယ် (၃)မိုင်ကယ်ဆယ်ရေးစခန်းရှိ လေဘေးသင့် ပြည်သူများအား မြန်မာနိုင်ငံ ဆရာဝန်အသင်း(ဗဟို)၏ ဆေးကုသရေးအဖွဲ့နှင့် ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံး အထူးဆေးအဖွဲ့တို့မှ ပါရဂူများ၊ ဆရာဝန်များက ကျန်းမာရေး စစ်ဆေးကုသပေးလျက်ရှိကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်နှင့် လုပ်ငန်းရှင်များက လေမုန်တိုင်းဒဏ်ခံခဲ့ရသည့် ရေလုပ်သားများအတွက် စီစဉ်ဆောင်ရွက်ပေးမည့် ရေလုပ်ငန်းသုံးပစ္စည်းများကို ကြည့်ရှုကြသည်။

ထို့နောက် ဒုတိယ ဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့သို့ မော်တော်ယာဉ်များဖြင့် ရောက်ရှိကြရာ ဘုရင့်နောင်ရိပ်သာ၌ သမဝါယမဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်တင်ထွတ်က လပွတ္တာမြို့နယ်အတွင်း လေမုန်တိုင်းတိုက်ခတ်ခဲ့မှုနှင့် ပျက်စီးဆုံးရှုံးမှုများ၊ ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပြီးစီးမှုများ၊ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှုများ၊ လပွတ္တာမြို့နယ် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မက်စ်မြန်မာကုမ္ပဏီ၊ ဧရာရွှေဝါကုမ္ပဏီ၊ ဇေကမ္ဘာကုမ္ပဏီနှင့် ဝါဝါဝင်းကုမ္ပဏီတို့က ပါဝင်ပံ့ပိုး ဆောင်ရွက်လျက်ရှိသည့် အခြေအနေများ၊ စာသင်ကျောင်းများ၊ ဆေးရုံများ၊ ဆေးပေးခန်းများ၊ သာသနိကအဆောက်အအုံများ၊ ဌာနဆိုင်ရာအဆောက်အအုံများ ပြန်လည်ပြင်ဆင်ပြီးစီးမှုအခြေအနေများ၊ မိုးစပါးစိုက်ပျိုးနိုင်ရေး ပြင်ဆင်ဆောင်ရွက်နေမှုများနှင့် ဖြည့်ဆည်းပေးရန် လိုအပ်သည်များကို ရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက မုန်တိုင်းသင့်ဒေသများ ပြန်လည်တည်ဆောက်ရေးအတွက် ဆောင်ရွက်စီမံသွားမည့် လုပ်ငန်းများကို ရှင်းလင်းမှာကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် လပွတ္တာမြို့ ပြန်လည်တည်ဆောက်ထားသည့်အခြေအနေများကို မော်တော်ယာဉ်များဖြင့် လှည့်လည်ကြည့်ရှုကြသည်။

ဆက်လက်၍ ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံသို့သွားရောက်၍ ဆေးရုံအမိုးများ ပြန်လည်မိုးပြီးမှု အပါအဝင် ဆေးရုံအဆောက်များ ပြင်ဆင်ပြီးစီးမှုအခြေအနေများကို ကြည့်ရှုကြသည်။

အားပေးစကားပြောကြား

ထို့နောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် မြို့နယ်ပြည်သူ့ဆေးရုံမှ ဆရာဝန်များ၊ လာရောက်ကူညီ ဆေးကုသပေးလျက်ရှိသည့် မန္တလေးမြို့ သင်ကြားရေးဆေးရုံ ခုတင်(၃၀၀)မှ အထူးကုဆရာဝန်ကြီးများ၊ သူနာပြုများအား နှုတ်ဆက်အားပေးကြပြီး လူနာများအား ကြည့်ရှု၍ အားပေးစကားပြောကြားကြသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးနှင့် အဖွဲ့ဝင်များသည် ရဟတ်ယာဉ်များဖြင့် လပွတ္တာမြို့မှ ပုသိမ်မြို့သို့ ထွက်ခွာခဲ့ကြရာ မွန်းလွဲပိုင်းတွင် ပြန်လည်ရောက်ရှိကြသည်။ (သတင်းစဉ်)

နှုတ်ဆက်အားပေး

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး ငပုတောမြို့နယ် အုတ်တွင်းကျေးရွာကယ်ဆယ်ရေးစခန်းရှိ အုတ်တွင်းကျေးရွာ၊ ဘုန်းတော်ပြည့်ကျေးရွာ၊ သဲချောင်းကျေးရွာတို့မှ လေဘေးသင့်ပြည်သူများအား နှုတ်ဆက်အားပေးစဉ်။ (သတင်းစဉ်)

နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး မောင်အေး လပွတ္တာမြို့နယ် ပြည်သူ့ဆေးရုံတွင် လူနာများအား ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

- ၇း၀၀ ၁။ **တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်**
- ၇း၂၅ ၂။ ကျန်းမာဖို့ အတူကစားစို့
- ၇း၃၀ ၃။ နံနက်ခင်းသတင်း
- ၇း၄၅ ၄။ အကပဒေသာ
- ၈း၀၀ ၅။ ငါးသရောက်ရေလှောင်တမံ
- ၈း၀၅ ၆။ ကြေးမုံရိပ်သွင်တေးနုယဉ်
- ၈း၁၅ ၇။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအကများ
- ၈း၃၀ ၈။ International News.
- ၉း၀၀ ၉။ အစီအစဉ်ပြီး၏။

ညပိုင်း

- ၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
- ၄း၁၀ ၂။ အတီးပြိုင်ပွဲ
- ၄း၂၅ ၃။ တေးဂီတအစီအစဉ်
- ၄း၅၀ ၄။ ချစ်စရာ့အရွယ်ကကြိုးသွယ်
- ၅း၀၀ ၅။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
- ၅း၁၀ ၆။ တေးဂီတအစီအစဉ်
- ၅း၂၅ ၇။ မြေကမ္ဘာသာယာစေဖို့ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစို့
- ၅း၄၀ ၈။ ကြယ်ပွင့်များရဲ့ရင်ခုန်သံ
- ၆း၀၀ ၉။ ညနေခင်းသတင်း
- ၆း၃၀ ၁၀။ မိုးလေဝသအခြေအနေ
- ၆း၃၅ ၁၁။ တေးဂီတအစီအစဉ်
- ၇း၀၀ ၁၂။ **နိုင်ငံခြားဇာတ်လမ်းတွဲ "ကော်ဖီချစ်သူ" (အပိုင်း-၁)**
- ၈း၀၀ ၁၃။ ပြည်တွင်းသတင်း
- ၁၄။ နိုင်ငံတကာသတင်းများ
- ၁၅။ မိုးလေဝသအခြေအနေ
- ၁၆။ **မြန်မာရုပ်ရှင် "ညှို့သည်" (အပိုင်း-၁) (သုမောင်၊ရန်အောင်၊ မေသန်းနု၊စိုးမြတ်သူဇာ) (ဒါရိုက်တာ-မောင်နန္ဒ)**
- ၁၇။ အစီအစဉ်ပြီး၏။

တန်ဖိုးရှိလှ လူငယ်ဘဝ မူးယစ်ကင်းစင် ကျန်းမာမှ

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် အမှုဆောင်အဖွဲ့ဝင် ဒေါက်တာထွန်းမြင့်တို့ ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ်အတွင်းရှိ ဘုန်းတော်ကြီးကျောင်းတွင် ထောက်ပံ့ရေးပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (ကြက်ခြေနီ)

မြန်မာနိုင်ငံ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း လေဘေးသင့်မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများပေးအပ်

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းက လေဘေးသင့်မြို့နယ်များမှ ကျောင်းသား၊ ကျောင်းသူများအတွက် ကျောင်းဝတ်စုံ၊ ကျောင်းသုံးပစ္စည်းနှင့် မိသားစုဝင်များအတွက် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပွဲကို ဇွန် ၃ ရက် နံနက် ၉နာရီတွင် ရန်ကုန်မြို့ ရန်ကင်းမြို့နယ် ပညာရေးကောလိပ်ရှိ မြတ်ပညာခန်းမ၌ ကျင်းပသည်။

အဆိုပါ အခမ်းအနားသို့ မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း မိခင်နှင့် ကလေးစောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့သို့ ပေါင်းအိုး သုံးလုံးနှင့် ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်အတွက်ကျောင်းသုံး ပစ္စည်းများနှင့် မိသားစု ထောက်ပံ့ ပစ္စည်းများ၊ မြန်မာနိုင်ငံ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုအလုပ်အမှုဆောင်ဒေါ်ထွေးထွေးညွန့်က ရန်ကုန်တောင်ပိုင်းခရိုင် ကွမ်းခြံကုန်းမြို့နယ်အတွက် ထောက်ပံ့ ပစ္စည်းများ၊ ရန်ကုန်တိုင်း မိခင်နှင့် ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်မာမာဝေက ကွမ်းခြံကုန်းမြို့နယ်၊ရန်ကုန်အရှေ့ပိုင်း ခရိုင်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် တို့အတွက် အလှူငွေကျပ်နှစ်သိန်းနှင့် ထောက်ပံ့ပစ္စည်းများ၊ မြန်မာနိုင်ငံ မိခင်နှင့်ကလေး စောင့်ရှောက်ရေး အသင်း ဗဟိုအလုပ်အမှုဆောင် ဒေါက်တာ ဒေါ်ခင်မြဝင်းက တွံတေး မြို့နယ်နှင့်မြန်မာနိုင်ငံမိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း ဗဟိုအလုပ် အမှုဆောင် ဒေါ်တင်တင်မြက ဒလ မြို့နယ်တို့အတွက်ထောက်ပံ့ရေးပစ္စည်း များကို ပေးအပ်လှူဒါန်းကြသည်။ ပေးအပ်ပွဲတွင် မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေးအသင်းက အလှူငွေကျပ် ၂၅သိန်း၊ တစ်ခါသုံး ဆေးထိုးပိုက် ကိုးသောင်း၊ တစ်ခါသုံး ဆေးထိုးအပ် ၃၆ဖာ၊ လက်အိတ် ရှစ်ဖာ၊ရွှေဝါဆပ်ပြာအတောင့်၁၆၀၀၊

ခြင်ထောင်အလုံး၃၀၀၊အမျိုးသမီးဝတ် အတွင်းခံအင်္ကျီ ၅၀၀၊ မူလတန်း ကျောင်းသား၊ ကျောင်းသူ ဝတ်စုံ ၂၀၀၀၊ ဗလာစာအုပ်ဒါဇင် ၅၀၀၊ ခဲတံဒါဇင် ၄၈၀နှင့် ရန်ကုန်တိုင်း မိခင်နှင့်ကလေး စောင့်ရှောက်ရေး ကြီးကြပ်ရေးအဖွဲ့က အလှူငွေ ကျပ်နှစ်သိန်းတို့ကိုလှူဒါန်းကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြန်မာနိုင်ငံ မိခင်နှင့် ကလေး စောင့်ရှောက်ရေး အသင်း ဒုတိယဥက္ကဋ္ဌ ဒေါက်တာ ဒေါ်တင်လင်းမြင့် ဒဂုံ(ဆိပ်ကမ်း) မြို့နယ် အတွက် ကျောင်းသုံးပစ္စည်း များ၊ မိသားစု ထောက်ပံ့ရေး ပစ္စည်းများကို ပေးအပ်စဉ်။ (သတင်းစဉ်)

လေဘေးသင့်ပြည်သူများအတွက် မြန်မာနိုင်ငံကြက်ခြေနီအသင်းက ထောက်ပံ့ရေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၄

မြန်မာနိုင်ငံ ကြက်ခြေနီအသင်း အကျိုးဆောင် အတွင်းရေးမှူး ဒေါက်တာလှဖေနှင့် အမှုဆောင် အဖွဲ့ဝင် ဒေါက်တာထွန်းမြင့်တို့ ဦးဆောင်သောအဖွဲ့သည် ဇွန် ၁ရက် နံနက် ၈ နာရီတွင် ရန်ကုန်တိုင်း ကွမ်းခြံကုန်းမြို့နယ် အတွင်းရှိ ကြခတ်ကုန်းလေး၊ အထက်ဆိပ်၊ သိုက်ကုန်း၊ ဆိပ်ကမ်းသာ၊ ကျိုက်ပတ်နှင့် အင်ကွတ်ကျေးရွာများသို့ သွားရောက်ပြီး လေဘေးသင့်ပြည်သူများ အတွက် ငွေကျပ် သိန်း ၁၂၀ ခန့် တန်ဖိုးရှိ တာပေါ်လင်စ ၁၀၀၀၊ ရေသန့်ဆေးပြား တစ်ဘူး၊ ခေါက်ဆွဲခြောက်ထုပ် ၂၆၆၀၊ ငါးသေတ္တာဘူး ၁၅၀၀၊ ဟင်းထုပ်ဖာ ၅၀၊ အိုဗာတင်းလေးဖာ၊ ဖိနပ်အရံ ၁၀၀၀၊ တစ်ကိုယ်ရည်သုံးပစ္စည်း ၅၀၀၊အရေးပေါ်သုံးပစ္စည်း ၅၀၀၊ ဓာတ်ဆားငါးဖာတို့ကို မြို့နယ်ကြက်ခြေနီ တပ်ရင်းမှ ကြက်ခြေနီတပ်ဖွဲ့ဝင်များ လိုက်ပါ၍ ကိုယ်တိုင်ကိုယ်ကျ သွားရောက် လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ဧရာဝတီတိုင်း မြောင်းမြခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌရုံးခန်း၌လေဘေးသင့်ကျောင်းသား၊ကျောင်းသူများ အတွက် ကျောင်းသုံးပစ္စည်းများ ပေးအပ်လှူဒါန်းပွဲ ကျင်းပရာ လစန္ဒာပုံနှိပ်မင်နှင့်စက္ကူ ရောင်းဝယ်ရေးလုပ်ငန်းမှ ဟာဂျီဦးခင်မောင်သန်းက ဗလာစာအုပ်ဒါဇင် ၅၀၀၊ ခဲတံ၅၀၀၊ ဘောလ်ပင်၅၀၀၊ ခဲဖျက်၅၀၀နှင့်ခဲတံချွန်စက် ၅၀၀ တို့ကို ခရိုင်ပညာရေးမှူး ဒေါ်ခင်ပြုံးညိုထံ ပေးအပ်လှူဒါန်းစဉ်။ (က-ပ)

ရွှေပြား၊ ရွှေသင်္ကန်းနှင့် အလှူတော်ငွေများ ပေးအပ်ပွဲကျင်းပ

ရန်ကုန် ဇွန် ၄

ရွှေတိဂုံစေတီတော်ဂေါပကအဖွဲ့က ကြီးမှူးကျင်းပသည့် (၄၈၉)ကြိမ်မြောက် ရွှေပြား၊ ရွှေသင်္ကန်းနှင့် အထွေထွေဝေယျာဝစ္စ အလှူတော်ငွေများ ပေးအပ်လှူဒါန်းပွဲကို ဇွန် ၃ရက် မွန်းလွဲ ၁ နာရီတွင် ရွှေတိဂုံစေတီတော်ရင်ပြင်ရှိ ရှေးဟောင်း ဗုဒ္ဓရုပ်ပွားတော်များ တန်ဆောင်း၌ ကျင်းပသည်။

အခမ်းအနားတွင် အလှူရှင် ၅၈၁ဦးတို့က အလှူငွေ စုစုပေါင်း ငွေကျပ် ၈၅၄၄၆၆၄၀ ကို ပေးအပ်လှူဒါန်း ကြရာ စေတီတော်ဂေါပကအဖွဲ့မှ တာဝန်ရှိသူများက လက်ခံကြပြီး ထုတိမင်္ဂလာဂုဏ်ပြု မှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကြသည်။

ထို့နောက် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဩဝါဒါစရိယနိုင်ငံတော် ဩဝါဒါစရိယ ပုဇွန်တောင်မြို့နယ် မြသိန်းတန်ကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဂ္ဂမဟာပဏ္ဍိတ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တသောဘနထံမှ ပရိသတ်များက အနုမောဒနာတရားနာယူကြပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချ အမျှပေးဝေကြသည်။

(သတင်းစဉ်)

ချေးငွေလုပ်ငန်းများ စနစ်တကျ တိုးတက်စေရေးနှင့် ပေးဆပ်ရန်ပျက်ကွက်နေသော ချေးငွေများလျှော့နည်းရေး သင်တန်းဖွင့်

ရန်ကုန် ဇွန် ၄

ဘဏ္ဍာရေးနှင့် အခွန်ဝန်ကြီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၏ ချေးငွေလုပ်ငန်းများ စနစ်တကျ တိုးတက်စေရေးနှင့် အရင်းအတိုး ပေးဆပ်ရန် ပျက်ကွက်နေသော ချေးငွေများ လျှော့နည်းကျဆင်းရေး သင်တန်းအမှတ်စဉ် (၁/၂၀၀၈) ဖွင့်ပွဲ အခမ်းအနားကို ဇွန် ၂ ရက် နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ပန်းဆိုးတန်းလမ်းရှိ မြန်မာ့စီးပွားရေးဘဏ် သင်တန်းခန်းမ၌ကျင်းပသည်။

သင်တန်းဖွင့်ပွဲသို့ မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)မှ အထွေထွေမန်နေဂျာများ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ လက်ထောက်အထွေထွေမန်နေဂျာများ၊ သင်တန်းနည်းပြများ၊ ရန်ကုန်ဘဏ်ခွဲ အသီးသီးမှ ဘဏ်ခွဲမန်နေဂျာများနှင့် သင်တန်းသား၊ သင်တန်းသူ ၅၇ ဦး တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ဦးဆောင်ညွှန်ကြားရေးမှူးကိုယ်စား အထွေထွေမန်နေဂျာ ဦးကံထက်က သင်တန်းဖွင့် အမှာစကားပြောကြားသည်။ **(အောက်ပုံ)** အဆိုပါသင်တန်းကို ရက်သတ္တတစ်ပတ် ဖွင့်လှစ်မည်ဖြစ်ကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)



ထိုင်းနိုင်ငံမှ ဆေးကုသရေးအဖွဲ့ မြောင်းမြနှင့် လပွတ္တာဆေးရုံတို့အတွက် ဆေးပစ္စည်းများ လှူဒါန်း

ရန်ကုန် ဇွန် ၄

ကျန်းမာရေးဝန်ကြီးဌာနနှင့်နိုင်ငံခြားရေးဝန်ကြီးဌာနတို့၏အစီအစဉ်ဖြင့် မြန်မာနိုင်ငံသို့ ဒုတိယအသုတ်အဖြစ် ရောက်ရှိလာသော ထိုင်းနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာနမှ Dr. Kamron Chaisiri ဦးဆောင်သော ကျန်းမာရေး စောင့်ရှောက်သူများအဖွဲ့သည် ကျန်းမာရေးဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ တာဝန်ရှိသူများလိုက်ပါလျက် ဇွန် ၁ ရက် နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ မြောင်းမြမြို့သို့ ထွက်ခွာခဲ့ပြီး ဇွန် ၂ ရက်တွင် မြောင်းမြမြို့ တန် ၂၅၀ ဆန်စက်ဝင်းရှိ လေဘေးသင့်ပြည်သူများအား ကျန်းမာရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ တပ်မတော်ဆေးဝန်ထမ်းတပ်ဖွဲ့ဝင်များနှင့်ပူးပေါင်း၍ ကျန်းမာရေး စောင့်ရှောက်မှုပေးကြသည်။

ထို့အပြင် ထိုင်းနိုင်ငံဆေးအဖွဲ့မှ Dr.Anurak နှင့် ချမ်းမိုင်မှ အလှူရှင်များ လှူဒါန်းသော ငွေကျပ် ၃၄၇၇၀၀၀ တန်ဖိုးရှိ အောက်ဆီဂျင်ထုတ်စက်နှစ်လုံးနှင့် ECG တိုင်းစက်တစ်လုံးတို့ကို မြောင်းမြခရိုင်ဆေးရုံကြီးနှင့် လပွတ္တာဆေးရုံတို့အတွက် လှူဒါန်းရာ မြောင်းမြခရိုင်ဆရာဝန်ကြီး ဒေါက်တာကျော်စိုးက လက်ခံသည်။

ဆက်လက်၍ Dr. Anurak နှင့်အဖွဲ့က လေဘေးသင့် မိဘမဲ့ကလေးများအတွက် အလှူငွေကျပ် ၇၃၅၀၀၀ နှင့် Dr.Pichit နှင့် အဖွဲ့မှ ချိုချဉ်သေတ္တာနှစ်လုံးလှူဒါန်းရာ ကာကွယ်ရေးဝန်ကြီးဌာန ဆေးဝန်ထမ်းညွှန်ကြားရေးမှူးရုံးမှ ဒုတိယဗိုလ်မှူးကြီးကျော်ဇင်ညွန့်က လက်ခံသည်။

ထိုင်းနိုင်ငံမှ ကျန်းမာရေးအဖွဲ့သည် မြောင်းမြမြို့နယ်၌ အခြေစိုက်၍ ဇွန် ၁၄ ရက် အထိ လေဘေးသင့်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

လေဘေးသင့်ပြည်သူများအား မလွန်ဆန်လှူအသင်းနှင့် မလွန်ဆန်လှူ ဓမ္မကထိကဆရာတော်များက လှူဒါန်းမည်

ရန်ကုန် ဇွန် ၄

မန္တလေးမြို့ ညောင်ကန်တိုက်၌ မေ၃၁ရက်က မလွန်ဆန်လှူဓမ္မကထိကဆရာတော်များနှင့် မလွန်ဈေးဆန်လှူအသင်းကြီးမှ ဥက္ကဋ္ဌ ဦးမောင်မောင်နှင့် အလုပ်အမှုဆောင်များဆွေးနွေးညှိနှိုင်း၍(ဝဲပုံ) သဘာဝလေဘေးဒဏ်ခံခဲ့ရသော ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်းရှိ အများပြည်သူများနှင့် မလွန်ဆန်လှူသင်းထောက်များအား ကူညီပံ့ပိုးနိုင်ရေးအတွက် မလွန်ဆန်လှူဓမ္မကထိက ဆရာတော်များဖြစ်တော်မူကြသော မြန်အောင်ဆရာတော် အရှင်မုနိန္ဒ၊ ညောင်ကန်ဆရာတော် အရှင်ကုန္ဒက၊ ဓမ္မရောင်ခြည်ဆရာတော် အရှင်ကုသလဗုဒ္ဓိ၊ ချမ်းမြေ့ဆရာတော် အရှင်ကေသဝ၊ ရတနာလင်္ကာရ ဆရာတော် အရှင်တေဇာစာရတို့က ဓမ္မသဘင်များ ဆင်ယင်ကျင်းပ၍ အလှူခံရရှိထားသော ငွေနှင့် ပစ္စည်းမျိုးစုံ အိတ်ပေါင်း ၁၀၀ ကျော်၊ မလွန်ဈေး ဆန်လှူအသင်းကြီးမှ မတည်လှူဒါန်းငွေသိန်း၁၀၀နှင့် ဆန်အိတ်ပေါင်း၃၅၀၀ ကျော်တို့အား စမ်းချောင်းမြို့နယ်၊ ပြည်လမ်းအမှတ်(၃၃၄)၊ မလွန်ဈေးဆန်လှူအသင်းကြီးဌာနခွဲ(ရန်ကုန်)ဖုန်း-၀၁-၅၃၆၇၃၅တွင် စုမှတ်ပြု၍ မြန်အောင်ဆရာတော် အရှင်မုနိန္ဒနှင့် ဆရာတော်ငါးပါးဦးဆောင်မှုဖြင့် မလွန်ဈေး ဆန်လှူအသင်းကြီး၏ ဥက္ကဋ္ဌ ဦးမောင်မောင် နှင့်အလုပ်အမှုဆောင်များက လေဘေးဒဏ်ခံခဲ့ရသော ဒေသများသို့ အရောက်သွားကာ လှူဒါန်းမည်ဖြစ်ကြောင်းသိရသည်။ (က-ပ)

မုန်တိုင်းသင့်ပြည်သူများအတွက် ပြည်နယ်နှင့်တိုင်းအသီးသီးရှိ စေတနာရှင်၊ အလှူရှင်များက ထောက်ပံ့ငွေနှင့် ပစ္စည်းများဆက်လက်လှူဒါန်း

နေပြည်တော် ဇွန် ၄

မုန်တိုင်းသင့်ပြည်သူများ အတွက် ပြည်နယ်နှင့်တိုင်း အသီးသီးမှ ဌာနဆိုင်ရာများ၊ အသင်းအဖွဲ့များ၊ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက အမျိုးသားရေးစိတ်ဓာတ် အရင်းခံဖြင့်ထောက်ပံ့ငွေနှင့် ပစ္စည်းများကို ဆက်လက်ပေးပို့လှူဒါန်းလျက်ရှိရာ ရှမ်းပြည်နယ်(အရှေ့ပိုင်း)မှ စေတနာရှင်ပြည်သူများက ငွေကျပ် ၂၁၃၀၄၉၇တန်ဖိုးရှိ အဝတ်အထည်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းမျိုးစုံနှင့် ဆေးပစ္စည်းမျိုးစုံ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)မှစေတနာရှင်ပြည်သူများနှင့်တပ်မတော်သား မိသားစုများက ငွေကျပ် ၆၆၂၆၉၅၀နှင့် ငွေကျပ် ၅၃၈၅၀၀၀ တန်ဖိုးရှိထောက်ပံ့ရေးပစ္စည်းများ၊ မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်တို့မှ စေတနာရှင်ပြည်သူများနှင့် တပ်မတော်သားမိသားစုများက ငွေကျပ် ၃၆၂၃၂၅နှင့် ငွေကျပ် ၂၄၁၇၀၅၀၀ တန်ဖိုးရှိ ထောက်ပံ့ရေးပစ္စည်းများ၊ တနင်္သာရီတိုင်းမှ စေတနာရှင်ပြည်သူများက ငွေကျပ် ၅၁၆၄၀၀၀ တန်ဖိုးရှိသွပ်နှင့် သွပ်ရိုက်သံများ၊ မကွေးတိုင်းမှ စေတနာရှင်ပြည်သူများကငွေကျပ် ၂၇၆၅၉၀၀ တို့ကိုပေးအပ်လှူဒါန်းကြပြီး ဘဏ္ဍာငွေလက်ခံရေးနှင့် ထုတ်ပေးရေးဆပ်ကော်မတီသို့လာရောက်လှူဒါန်း ငွေကျပ် ၃၁၇၂၀၀၀ အပါအဝင် စေတနာရှင်ပြည်သူများ၏ ယနေ့ လှူဒါန်းသည့် ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၇၈၃၂၆၁၇၂ ဖြစ်ပြီး ဇွန် ၄ ရက်အထိ လှူဒါန်းသည့်ငွေနှင့် ထောက်ပံ့ရေးပစ္စည်း စုစုပေါင်း တန်ဖိုးမှာ ငွေကျပ် ၁၁၂၆၀၉၇၄၃၀၄ ရှိပြီဖြစ်ကြောင်း သိရှိရသည်။ (သတင်းစဉ်)

ဗဟန်းမြို့နယ် ကြားတောရလမ်းရှိ မဟာဇေယျအတုလမာရဇိန် ကြေးသွန်းဘုရားကြီးတွင် မုန်တိုင်းဒဏ်ကြောင့် ပျက်စီးသွားသော စိန်ဖူးတော်နှင့် ထီးတော်အသစ်ပြန်လည်တင်လှူပူဇော်ရန်အတွက် ဦးမြသွေး-ဒေါ်ချိုချိုထူးမိသားစု ကုန်သည်လမ်းနှင့် ရွှေဘုံသာလမ်းထောင့် ပန်းဘဲတန်းမြို့နယ်က အလှူငွေကျပ်ကိုးသိန်း ပေးအပ်လှူဒါန်းရာ ဂေါပကအဖွဲ့ ဥက္ကဋ္ဌ ဦးချစ်မြိုင် လက်ခံယူစဉ်။ (က-ပ)

နိုင်ငံတကာမှထောက်ပံ့ရေးပစ္စည်းများ ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ ဆက်လက်ရောက်ရှိ

ရန်ကုန် ဇွန် ၄

မုန်တိုင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးခဲ့သည့် ဒေသများအတွက် နိုင်ငံတကာမှ ထောက်ပံ့ရေးပစ္စည်းများ ပေးပို့လျက်ရှိရာ Malteser International မှလှူဒါန်းသော ဆေးဝါးမျိုးစုံ၊ အသက်ကယ်လှေအင်ဂျင်များ၊ လူနာထမ်းစင်များ၊ တာပေါ်လင်များ စုစုပေါင်း ၁၆ ဒသမ ၃၄တန်သည် AN-12 လေယာဉ်ဖြင့် ယနေ့နံနက် ၉နာရီ ၅မိနစ်တွင်လည်းကောင်း၊ ထိုင်းနိုင်ငံအခြေစိုက် ကုလသမဂ္ဂကမ္ဘာ့စားနပ်ရိက္ခာအစီအစဉ် (WFP)မှ လှူဒါန်းသော ပလတ်စတစ်၊ ခြင်ထောင်များ စုစုပေါင်း ၈၃ ဒသမ ၄၉ တန်သည် AN-12 လေယာဉ်နှစ်စင်းနှင့် IL-76 လေယာဉ်နှစ်စင်းတို့ဖြင့် နံနက် ၁၀ နာရီ ၄၅ မိနစ်၊ မွန်းလွဲ ၁၂ နာရီခွဲ၊ ညနေ ၄ နာရီ ၅၇ မိနစ်နှင့် ညနေ ၅ နာရီ ၁၅ မိနစ် တို့တွင်လည်းကောင်း၊ ထိုင်းနိုင်ငံရှိ မဟာချူလာလောင်ကွန်ဗုဒ္ဓဘာသာတက္ကသိုလ်မှလှူဒါန်းသော ရေသန့်များ၊ စောင်များ၊ နို့မှုန့်များ၊ မျက်နှာသုတ်ပဝါများ၊ မီးသီးများ၊ ဝက်သားဆန်ပြုတ်ထုပ်များ၊ ဆေးပစ္စည်းမျိုးစုံ၊ အဝတ်အစားများ၊ ဆန်များစုစုပေါင်း ၂၀ ဒသမ ၂၈တန်သည် C-130 လေယာဉ်နှစ်စင်းဖြင့် နံနက် ၁၀နာရီ ၅၂ မိနစ်နှင့် နံနက် ၁၁နာရီ မိနစ် ၄၀ တို့တွင် လည်းကောင်း၊ Baiyoke Hotel Group မှ လှူဒါန်းသော ဆန်အိတ် ၇၀၊ အထည်အလိပ် ၁၄ ထုပ် စုစုပေါင်း ၂ဒသမ၇၉ တန်သည် 8M-332 လေယာဉ်ဖြင့် နံနက် ၁၁ နာရီတွင် လည်းကောင်း၊ အမေရိကန်ပြည်ထောင်စုမှ ပလတ်စတစ်မြက်ဖျာများ၊ ပလတ်စတစ်စများ၊ ခြင်ဆေးခွေများ စုစုပေါင်း ၁၂ ဒသမ ၇၉ တန်သည် C-130 လေယာဉ် သုံးစင်းဖြင့် နံနက် ၁၁ နာရီ ၄၅ မိနစ်၊ မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀နှင့် ညနေ ၃ နာရီ ၃၅ မိနစ်တို့တွင်လည်းကောင်း၊ အိန္ဒိယသမ္မတနိုင်ငံမှ လှူဒါန်းသော တာပေါ်လင်များ၊ ဆေးဝါးမျိုးစုံ စုစုပေါင်း ၃၅ ဒသမ ၆၉ တန်သည် IL-76 လေယာဉ်ဖြင့် မွန်းလွဲ ၁ နာရီ ၃၅ မိနစ် တွင်လည်းကောင်း ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်သို့ရောက်ရှိလာကြသည်။

မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ပြည်ပနိုင်ငံများမှ စေတနာရှင်များ လှူဒါန်းသည့် ပစ္စည်းများသည် လေယာဉ်များဖြင့် အဆက်မပြတ် ရောက်ရှိလျက်ရှိရာ ထိုရောက်ရှိလာသော ပစ္စည်းများကို လေဆိပ်တွင် ပစ္စည်းလက်ခံရယူရေးအဖွဲ့က စနစ်တကျ လက်ခံရယူပြီး နှောင့်နှေးကြန့်ကြာမှုမရှိစေဘဲ မုန်တိုင်းဒဏ်ခံခဲ့ရသော ဒေသများသို့ ရဟတ်ယာဉ်များ၊ မော်တော်ယာဉ်များ၊ ရေယာဉ်များဖြင့် ချက်ချင်းဖြန့်ဝေပေးပို့လျက် ရှိကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

မြဝတီရုပ်မြင်သံကြားအစီအစဉ်

၅-၆-၂၀၀၈ (ကြာသပတေးနေ့)

နံနက်ပိုင်း

၇း၀၀	၁။	မြဝတီအဖွင့်
၇း၀၅	၂။	အဖွင့်သီချင်း
၇း၁၀	၃။	မျိုးချစ်တပ်မတော်
၇း၂၀	၄။	မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇း၃၀	၅။	မြန်မာသံစဉ်ချိုနားဝင်
၇း၄၅	၆။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇း၅၀	၇။	သာယာသီကြွေး ခေတ်ဆန်းတေး
၇း၅၅	၈။	အမျိုးသားရေးတေးကဗျာ
၈း၀၀	၉။	မြဝတီရုပ်မြင်သံကြား သတင်း
၈း၁၀	၁၀။	အမျိုးသားရေးတေးကဗျာ
၈း၁၅	၁၁။	အပိတ်နှုတ်ဆက်စကား
၈း၁၆	၁၂။	ပြီးပါပြီ။

ညပိုင်း

၄း၀၀	၁။	မြဝတီအဖွင့်
၄း၀၅	၂။	အဖွင့်သီချင်း
၄း၂၀	၃။	အမျိုးသားရေး တေးကဗျာ
၄း၃၀	၄။	မြန်မာသံစဉ်ချိုနားဝင်
၄း၄၅	၅။	မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄း၅၀	၆။	အမျိုးသားရေးတေးကဗျာ
၅း၂၀	၇။	ရွှင်ကြည်ပြုံးစရာ တေးကဗျာ
၅း၃၀	၈။	မြတ်နိုးကြစေအမျိုးသားအမွေ
၅း၄၅	၉။	သာယာသီကြွေးခေတ် ဆန်းတေး
၆း၀၀	၁၀။	မြဝတီရုပ်မြင်သံကြား
၆း၁၀	၁၁။	နိုင်ငံတကာသတင်း
၆း၂၀	၁၂။	အမျိုးသားရေးတေးကဗျာ
၆း၂၅	၁၃။	ကာတွန်းအစီအစဉ် "ကျားကလေးရဲ့ မွေးရပ်မြေ" အပိုင်း(၁)
၆း၄၅	၁၄။	လျှပ်တစ်ပြက်ရိုက်ချက်
၇း၀၀	၁၅။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း ရာဇဝင်တွင်တဲ့ သူရဲကောင်း အပိုင်း(၇၁)
၈း၀၀	၁၆။	မြဝတီရုပ်မြင်သံကြား သတင်း
	၁၇။	မိုးလေဝသသတင်း
	၁၈။	အမျိုးသားရေး တေးကဗျာ
	၁၉။	ကုန်သွယ်သုတ
	၂၀။	မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
	၂၁။	ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
	၂၂။	ရသစုံလင်ရုပ်မြင် ဇာတ်လမ်း -သွေးသစ္စာဓား အပိုင်း(၂၆)
	၂၃။	သင့်အတွက်မနက်ဖြန်
	၂၄။	အပိတ်နှုတ်ဆက်စကား
	၂၅။	ပြီးပါပြီ။

မုတ်သုံလေ အားအသင့်အတင့်ရှိမည်



ရန်ကုန် ဇွန် ၄

ယနေ့နံနက် ၉နာရီခွဲအထိ မိုးလေဝသတိုင်းထွာချက် အကျဉ်းချုပ်မှာ လွန်ခဲ့သော ၂၄နာရီအတွင်းက မကွေးတိုင်းတွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်း၊ ပဲခူးတိုင်းနှင့် တနင်္သာရီတိုင်းတို့တွင် နေရာစိပ်စိပ်နှင့် ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာခဲ့ကာ မွန်ပြည်နယ်နှင့် ရန်ကုန်တိုင်းတို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။

မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ ရန်ကုန်(မြို့လယ်)တွင် ၄ ဒသမ ၉၆ လက်မ၊ ကျိုက္ခမီမြို့တွင် ၄ ဒသမ၂၅ လက်မ၊ ရန်ကုန်(ကမ္ဘာအေး)တွင် ၂ဒသမ၉၉လက်မ၊ သထုံမြို့နှင့် ထားဝယ်မြို့တို့တွင် ၂ ဒသမ ၆၄ လက်မစီ၊ ပြင်ဦးလွင်မြို့တွင် ၂ ဒသမ ၃၃ လက်မ၊ ပဲခူးမြို့တွင် ၂ဒသမ၀၉လက်မ၊ ဇောင်းတူမြို့တွင် ၂ ဒသမ ၀၅ လက်မ၊ဘားအံမြို့တွင် ၁ ဒသမ ၈၉ လက်မ၊ ကျိုင်းတုံမြို့တွင် ၁ဒသမ၄၉ လက်မ၊ သာယာဝတီမြို့တွင် ၁ဒသမ၄၁ လက်မ၊ စစ်တွေမြို့တွင် ၁ဒသမ၃၈လက်မ၊ မြင်းခြံမြို့တွင် ၁ ဒသမ ၁၈ လက်မနှင့် အောင်လံမြို့တွင် ၀ဒသမ၇၈ လက်မတို့ဖြစ်ကြသည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေ။ ။ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိနေသည်။

ဇွန် ၅ ရက် ညနေထိ ခန့်မှန်းချက်

ကယားပြည်နယ်၊ စစ်ကိုင်းတိုင်းအောက်ပိုင်း၊ မန္တလေးတိုင်းနှင့် မကွေးတိုင်းတို့တွင် နေရာကျဲကျဲ၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရှမ်းပြည်နယ်နှင့် စစ်ကိုင်းတိုင်း အထက်ပိုင်းတို့တွင် နေရာစိပ်စိပ်နှင့်ကျန်ပြည်နယ်နှင့်တိုင်းတို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မြန်မာ့ပင်လယ်ပြင်တွင်

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် တစ်ခါတစ်ရံ မိုးသက်လေပြင်းများ ကျရောက်ပြီး လှိုင်းအသင့်အတင့်မှ လှိုင်းကြီးနိုင်သည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်မှ မိုင် ၄၀ ထိ တိုက်ခတ်နိုင်သည်။

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ မုတ်သုံလေအားအသင့်အတင့်ရှိမည်။

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့်ရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင်ဖြစ်ပေါ်ခဲ့သော မိုးလေဝသအခြေအနေ

အမြင့်ဆုံးအပူချိန်

၃၁ ဒသမ၈ ဒီဂရီစင်တီဂရိတ် (၈၉ ဒီဂရီဖာရင်ဟိုက်)	၃-၆-၂၀၀၈

အနိမ့်ဆုံးအပူချိန်

၂၁ ဒသမ ၂ ဒီဂရီစင်တီဂရိတ် (၇၀ ဒီဂရီဖာရင်ဟိုက်)	၄-၆-၂၀၀၈
၀၉း၃၀ နာရီအချိန် စိုထိုင်းဆ ၁၀၀ ရာခိုင်နှုန်း	၄-၆-၂၀၀၈
နေပူသည့်နာရီပေါင်း (၁ ဒသမ ၃) နာရီခန့်	၃-၆-၂၀၀၈

မိုးရေချိန်

ရက်စွဲ	မင်္ဂလာဒုံ	ကမ္ဘာအေး	ရန်ကုန်မြို့လယ်
၄-၆-၂၀၀၈	၃၈မမ(၁ဒသမ၄၉လက်မ)	၇၆မမ(၂ ဒသမ၉၉လက်မ)	၁၂၆မမ(၄ဒသမ၉၆လက်မ)
၁-၁-၂၀၀၈မှ ယနေ့အထိ	၇၇၆မမ(၃၀ဒသမ၅၅လက်မ)	၉၄၃မမ(၃၇ဒသမ၀၅လက်မ)	၁၂၀၀မမ(၄၇ဒသမ၉၆လက်မ)

ရန်ကုန်(ကမ္ဘာအေး)၏ အများဆုံးလေတိုက်နှုန်းမှာ ၃-၆-၂၀၀၈ ရက် ၁၂း၃၀ နာရီအချိန်တွင် အနောက်တောင်ဘက်မှ တစ်နာရီ (၅)မိုင်နှုန်း တိုက်ခတ်သည်။

ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်မည့်သူအဖြစ် ဘားရက်အိုဘားမားအား ရွေးချယ်

ဝါရှင်တန် ဇွန် ၄

အမေရိကန်နိုင်ငံ၏ အဓိကပါတီဖြစ်သော ဒီမိုကရက်တစ်ပါတီမှ သမ္မတလောင်း ယှဉ်ပြိုင်မည့်သူအဖြစ် ဘားရက်အိုဘားမားအား ရွေးချယ်လိုက်သည်။ ၎င်းသည် အမေရိကန်သမ္မတလောင်းလျာအဖြစ် အမည်တင်သွင်းခြင်းခံရသည့် ပထမဦးဆုံးသော အာဖရိကန္ဝယ်ဖွား အမေရိကန်အမျိုးသားဖြစ်သည်။ ထိုသတင်းမှာ ဇွန် ၃ ရက်ညက ပေါ်ထွက်လာသည်။

၎င်းသည် တစ်ချိန်က အီလီနွိုက်ပြည်နယ် ဥပဒေအကျိုးဆောင်အဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး ဥပဒေဆိုင်ရာ ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လုပ်ကိုင်ခဲ့သည်။

အိုဘားမားသည် ကုမ္ပဏီများ၌ လုပ်ကိုင်သော အလုပ်သမားများနှင့် သက်ဆိုင်သည့် ဥပဒေသစ်တစ်ရပ်ကို အဆိုပြုတင်သွင်းခဲ့ဖူးသည်။ ထိုအဆိုပြုချက်တွင် အမေရိကန်၌ အလုပ်လုပ်သူ အလုပ်သမားများမှာ တရားဝင် နေထိုင်သူများ ဖြစ်ရမည်ဟု သတ်မှတ်ချက်ပါရှိသည်။

အိုဘားမား၏ဖခင်မှာ ကင်ညာနိုင်ငံသားတစ်ဦးဖြစ်သည်။ ၎င်းသည် အာဖရိကန္ဝယ်ဖွား ပထမဆုံး အမေရိကန် သမ္မတလောင်းလျာဖြစ်ပြီး သမ္မတရွေးချယ်ပွဲတွင် အနိုင်ရရှိရန် အလားအလာရှိသည်ဟု ဆိုသည်။

အိုဘားမားကို ၁၉၆၁ခုနှစ် ဩဂုတ် ၄ ရက်တွင် ဟာဝိုင်ယီပြည်နယ်၌ မွေးဖွားပြီး အင်ဒိုနီးရှားနိုင်ငံ အပါအဝင် နိုင်ငံတော်တော်များများ၌ နေထိုင်ခဲ့ဖူးကြောင်း သိရသည်။

၎င်းသည် နယူးယောက်ပြည်နယ် ကိုလံဘီယာတက္ကသိုလ်သို့တက်ရောက်ခဲ့ပြီး မက်ဆာချူးဆက်ပြည်နယ် ဟားဗတ်တက္ကသိုလ်မှ ဥပဒေဘွဲ့ ရရှိခဲ့သည်။ အိုဘားမားနှင့် ၎င်း၏ ဇနီး မီချယ်လ်တို့တွင် သမီးနှစ်ယောက် ရှိကြောင်း သိရသည်။ **အင်တာနက်။**

အပြည်ပြည်ဆိုင်ရာအာကာသစခန်းယာဉ်(အိုင်အက်စ်အက်စ်)တွင်တပ်ဆင်မည့်ဂျပန်နိုင်ငံ၏ ဓာတ်ခွဲခန်းကို သယ်ဆောင်သွားသော ဒစ်စကာဗာရီအာကာသလွန်းပြန်ယာဉ်အား ဖလော်ရီဒါပြည်နယ် ကနေဒီ အာကာသယာဉ်လွှတ်တင်ရေးစခန်းမှ လွှတ်တင်လိုက်သည်ကို ဇွန် ၁ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ကလေးများတွင် ဗီတာမင်ဒီချို့တဲ့လျှင် ရောဂါများ ရနိုင်ကြောင်း အစီရင်ခံ

ချီကာဂို ဇွန် ၃

ကလေးအများစုသည် ဗီတာမင်ဒီကို လုံလောက်စွာ မရရှိကြကြောင်း၊ ၎င်းဓာတ်ချို့တဲ့ခြင်းသည် နောက်ပိုင်းတွင်အရိုးကျိုးခြင်းသို့မဟုတ် ခုခံအားနည်းကာ ရောဂါများ ဝင်လာနိုင်ကြောင်း သုတေသနပညာရှင်များက တနင်္လာနေ့တွင် ပြောကြားသည်။

အမေရိကန်နိုင်ငံ ဘော့(စ်)တွန်ကလေးဆေးရုံတွင် လေ့လာသောလူနာ ၃၈၀ တွင် ပါဝင်သည့် ရှစ်နှစ်မှ နှစ်နှစ်အရွယ် ကလေးငါးဦးတွင် နှစ်ဦးသည် ဗီတာမင်ဒီ ရှိသင့်သည့်အဆင့်ထက် လျော့နည်းနေကြောင်း တွေ့ရသည်ဟုဆိုသည်။

တင်ပြထား

ထိုသို့ဖြစ်ရခြင်း၏ အဓိကအချက်များမှာ ခွန်အားဖြည့်နို့များ လုံလောက်စွာမသောက်ရခြင်း၊ဗီတာမင်များမစားသုံးရခြင်းနှင့်အဝလွန်ခြင်းများကြောင့် ဖြစ်သည်ဟု ကျန်းမာရေးဆိုင်ရာအစီရင်ခံစာ တစ်စောင်တွင် တင်ပြထားသည်။

သုတေသနပညာရှင်များ၏ဦးဆောင်သူ ဘော့(စ်)တွန်ကလေးဆေးရုံမှ ကက်သရင်းဂေါ်ဒွန်က ဗီတာမင်ဒီ၄၀ ရာခိုင်နှုန်း ချို့တဲ့ခြင်းသည် ခွန်အားပြည့်နို့များပေါကြွယ်သည့်နိုင်ငံတစ်နိုင်ငံတွင်မျှော်လင့်ထားသည်ထက် များပြားနေကြောင်း ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ဖီးနစ်အာကာသယာဉ် အင်္ဂါဂြိုဟ်ပေါ်သို့ ဆင်းသက် ဖုန်မှုန့်အနည်းငယ် နမူနာအဖြစ်ယူဆောင်

ဝါရှင်တန် ဇွန် ၃

အမေရိကန်အမျိုးသားလေကြောင်းနှင့်အာကာသအုပ်ချုပ်ရေးအဖွဲ့(နာဆာ)မှဖီးနစ်အာကာသယာဉ်က အင်္ဂါဂြိုဟ်မှ နမူနာအဖြစ် ဖုန်မှုန့်အနည်းငယ်ကို ရယူလေ့လာခဲ့ကြောင်း သိပ္ပံပညာရှင်များကတနင်္ဂနွေနေ့တွင် ပြောကြားရာ အင်္ဂါဂြိုဟ်ပေါ်တွင်ရေခဲပြင်နှင့်သက်ရှိသတ္တဝါများ ရှိ၊ မရှိ အင်္ဂါဂြိုဟ်မှ မြေအား နမူနာအဖြစ် စမ်းသပ်နိုင်မည့် ပထမအဆင့် လုပ်ရပ်ဖြစ်သည်။

အဆိုပါ အာကာသယာဉ်၏ စက်ရုပ်လက်က ဖုန်မှုန့်နမူနာယူရာတွင် ကျန်ရစ်နေသည့် ခြေရာသဏ္ဌာန်အရာကို ဓာတ်ပုံရိုက်ယူခဲ့သည်ဟု နာဆာက ပြောကြားသည်။

ပထမအဆင့်အနေဖြင့် မိမိတို့က စက်ရုပ်လက်တံကို တိကျစွာအသုံးပြုနိုင်ခဲ့ကြောင်း၊ မိမိတို့အနေဖြင့် ဆက်လက်၍ နမူနာရယူ လေ့လာနိုင်ရန်အတွက် အခြေအနေကောင်းများရရှိထားပြီဖြစ်ကြောင်းအာကာသယာဉ်၏နာဆာဖီးနစ်မြေပြင်မစ်ရှင်မှ မန်နေဂျာဖြစ်သူ ဒေးဗစ်စပင်ဆာက ပြောကြားသည်။

ဖီးနစ်စက်ရုပ်လက်တံမှ ကင်မရာကအာကာသယာဉ်အောက်ရှိရေခဲပြင်ဟုယူဆရသည့်အရာဝတ္ထုများကိုလည်း ဓာတ်ပုံအများအပြား မှတ်တမ်းတင်ရိုက်ကူးခဲ့သည်။

ဖီးနစ်အာကာသယာဉ်က ကမ္ဘာမြေပြင်မှ မိုင်သန်းပေါင်း ၄၂၀ ဝေးကွာသည့် ခရီးကို ၁၀ လအတွင်း ပျံသန်းခဲ့ပြီးနောက် လွန်ခဲ့သည့်ရက်သတ္တပတ်တနင်္ဂနွေနေ့ကအင်္ဂါဂြိုဟ်ပေါ်သို့ဆင်းသက်ခဲ့ခြင်းဖြစ်သည်။ယင်းအာကာသယာဉ်က သက်ရှိသတ္တဝါများ နေထိုင်မည့် အထောက်အကူပြု အခြေအနေများရှိမရှိကို သိရရန် ရေနှင့်မြေသားကိုနမူနာ ရယူလေ့လာသွားမည် ဖြစ်သည်။ ***အမ်အင်အေ၊ရိုက်တာ။***

အီရတ်၌ အသေခံဗုံးပေါက်ကွဲ ရဲတပ်ဖွဲ့ဝင်နှင့် အရပ်သားကိုးဦးသေဆုံး

မိုဆူး ဇွန် ၃

အီရတ်နိုင်ငံမြောက်ပိုင်းရှိ မိုဆူးမြို့တွင် ဇွန် ၂ရက်က အသေခံဗုံးခွဲတိုက်ခိုက်မှုကြောင့် ရဲတပ်ဖွဲ့ဝင် ငါးဦးနှင့်အရပ်သားလေးဦးသေဆုံးကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

ဘဂ္ဂဒက်မြို့မြောက်ဘက် ကီလိုမီတာ ၃၉၀အကွာရှိ မိုဆူးမြို့လယ်ပြည်နယ်ရဲဌာနချုပ်ကိုအသေခံကားဗုံးဖြင့်တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။ သေဆုံးသူအရပ်သားများတွင် ကလေးနှစ်ဦး ပါဝင်သည်။ ဒဏ်ရာရရှိသူ ရဲတပ်ဖွဲ့ဝင် ရှစ်ဦး အပါအဝင် ၄၆ ဦးကျော် ဒဏ်ရာ ရရှိကြောင်း သိရသည်။ ဘာဆရာမြို့တောင်ပိုင်းတွင် ရှီးယိုက်စစ်သွေးကြွများနှင့် မိုဆူးမြို့တွင် အယ်လ်ခိုင်ဒါအုပ်စုအပေါ် အမေရိကန်နှင့်အီရတ်တပ်ဖွဲ့များက ထိရောက်စွာ နှိမ်နင်းခဲ့ပြီးနောက် အီရတ်နိုင်ငံတွင် အကြမ်းဖက်မှုများ လျော့နည်းလာကြောင်းအမေရိကန်စစ်ဘက်က ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

အစ္စရေးစစ်ဘက်က ဟားမတ်စ်တို့ထိန်းချုပ်ထားသော ဂါဇာဒေသကိုဝင်ရောက်စီးနင်းပြီးနောက် ဖမ်းဆီးထားသော ပါလက်စတိုင်းသားအချို့ကို အစ္စရေးစစ်ယာဉ် တစ်စီးပေါ်၌ ဇွန် ၂ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ပြင်သစ်၌ရထားနှင့် ကျောင်းကားတိုက်မိ ခြောက်ဦး သေဆုံး၊ ၃၁ ဦး ဒဏ်ရာရရှိ

ပါရီ ဇွန် ၃

ပြင်သစ်နိုင်ငံအရှေ့ပိုင်းနှင့် ဆွစ်ဇာလန်နိုင်ငံနယ်စပ်အနီးတွင် ရထားနှင့်ကျောင်းကားတို့ တိုက်မိရာ ခြောက်ဦးသေဆုံးပြီး ၃၁ဦး ဒဏ်ရာရရှိကြောင်း ရဲတပ်ဖွဲ့က တနင်္လာနေ့တွင်ပြောကြားသည်။

လေးဦးမှာ ဒဏ်ရာပြင်းထန်ပြီး အခြား၂၇ဦးမှာ မီးလောင်ဒဏ်ရာရရှိကြောင်း၊သေကျေဒဏ်ရာရရှိသူအရေအတွက် တိုးလာနိုင်ကြောင်း ရဲတပ်ဖွဲ့ကပြောကြားသည်။

ယင်းမတော်တဆမှုသည် ဟူတီဆာဗို့ဒေသမီဆင်းစ်မြို့အနီးလမ်းဆုံ၌ မွန်းလွဲ ၂ နာရီက ဖြစ်ပွားခြင်းဖြစ်သည်။

ဖြစ်ပွားရခြင်းအကြောင်းရင်းသိရှိနိုင်ရန်မီးရထားကုမ္ပဏီက စုံစမ်းစစ်ဆေးမှုပြုလုပ်မည်ဖြစ်ကြောင်းပြောရေးဆိုခွင့်ရှိသူက ပြောကြားသည်။ ***အမ်အင်အေ၊ရိုက်တာ။***

ရီပတ်ဘလီကန်ပါတီမှ သမ္မတလောင်းယှဉ်ပြိုင်မည့် မက်ကိန်းက ဒီမိုကရက်တစ်ပါတီမှ အရွေးခံရသူ အိုဘားမားကို ဝေဖန်ချက်များဖြင့် ကြိုဆို

နယူးအော်လန် ဇွန် ၄

အိမ်ဖြူတော်သို့ အရောက်လှမ်းနိုင်ရေး ပြိုင်ပွဲတွင် ဒီမိုကရက်တစ်ပါတီမှ အိုဘားမား အရွေးခံရသည်ကို ရီပတ်ဘလီကန်ပါတီမှ ကိုယ်စားလှယ် ဂျွန်မက်ကိန်းက ကြိုဆိုလိုက်သည်။ ထိုကြိုဆိုမှုနှင့်အတူ အိုဘားမားအပေါ် ထိုးနှက်သည့် ဝေဖန်မှုများလည်း ပြုလုပ်သွားသည်။

ပြစ်တင်ဝေဖန်

ဝေဖန်ရာ၌ အိုဘားမားသည် အီရတ်၌ ခက်ခဲပင်ပန်းသော တာဝန်များကို ကျေပွန်အောင် ထမ်းဆောင်ကြသည့် တပ်ဖွဲ့ဝင်များအတွက် ထောက်ပံ့ရေးရန်ပုံငွေထူထောင်ရန်ကိစ္စကို မလိုလားသူဖြစ်ကြောင်း၊ ၎င်းသည် အဆုံးအဖြတ်ပေးရာတွင် အမှားမှားအယွင်းယွင်း ပြုလုပ်နိုင်သူဖြစ်ကြောင်း ဂျွန်မက်ကိန်းက အိုဘားမားအပေါ် ပြစ်တင်ဝေဖန်လိုက်သည်။

ထို့အပြင် အိုဘားမားသည် ရန်သူနိုင်ငံများဖြစ်သည့် ဟာဗားနား၊ ပြုံယမ်း စသည်တို့နှင့် အကန့်အသတ်မထားဘဲ တိုက်ရိုက်ဆွေးနွေးမည်ဟု ပြောခဲ့သူဖြစ်ကြောင်း၊ အီရတ်စစ်မြေပြင်သို့လည်း ကိုယ်တိုင်သွားရောက်ကာ မလေ့လာဘဲ ရရှိထားပြီးသား အောင်မြင်မှုများကို ကန်တပ်ဖွဲ့ဝင်များအား မိခင်နိုင်ငံသို့ ပြန်ခေါ်ကာ အခြေအနေကို ပြောင်းပြန်ဖြစ်အောင် ကြံရွယ်နေသူဖြစ်ကြောင်း စသည်ဖြင့် ဝေဖန်သွားသည်။

ထည့်သွင်းချင့်ချိန်သင့်

သို့ဖြစ်၍ အမေရိကန်များအနေဖြင့် သမ္မတဖြစ်လာမည့်သူကို ရွေးချယ်ရာ၌ ၎င်းပုဂ္ဂိုလ်၏ အတွေ့အကြုံ၊ အရည်အချင်းနှင့် စဉ်းစားဆုံးဖြတ်ပုံတို့ကိုလည်း ထည့်သွင်းချင့်ချိန်သင့်သည်ဟု ဂျွန်မက်ကိန်းက ထောက်ပြဝေဖန်ခဲ့သည်။ **အင်တာနက်။**

မွန်ဂိုလီးယား၌ နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် သေဆုံးသူ ၅၂ ဦးထိ တိုးမြင့်

ယူလန်ဘာတော ဇွန် ၃

မွန်ဂိုလီးယားနိုင်ငံတွင် ပြည်နယ်ခုနစ်ခုအတွင်း နှင်းမုန်တိုင်းပြင်းထန်စွာ တိုက်ခတ်မှုကြောင့် လွန်ခဲ့သည့်တနင်္လာနေ့ကတည်းက ကလေး ၁၄ ဦးအပါအဝင် သေဆုံးသူ ၅၂ဦးထိ တိုးမြင့်လာကြောင်း အာဏာပိုင်များက ဇွန်၂ရက်တွင်ပြောကြားသည်။ မွေးမြူရေးတိရစ္ဆာန်၂၀၀၀၀၀ကျော် အအေးဒဏ်ကြောင့် သေဆုံးခဲ့ပြီး နှင်းမုန်တိုင်းတိုက်ခတ်မှုအတွင်း နောက်ထပ် ၂၀၀၀၀၀ ကျော် ပျောက်ဆုံးခဲ့သည်။ ယင်းဒေသများအတွင်း နှင်းမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်အားလိုင်းများနှင့် ဆက်သွယ်ရေးစနစ်များလည်း ပျက်စီးခဲ့သည်။

မွေးမြူရေးလုပ်ငန်းအများအပြားရှိသည့် ယင်းဒေသတွင် လူဦးရေ ၄၀ ရာခိုင်နှုန်း ခန့်နေထိုင်ပြီး မွန်ဂိုလီးယားနိုင်ငံ၏ အားထားရာဒေသတစ်ခုလည်း ဖြစ်သည်။ ***အမ်အင်အေ၊ဆင်ဟွာ။***

လေဘေးသင့်ပြည်သူများအတွက် လှူဒါန်းကြရာတွင် -

- မည်သူမဆို လွတ်လပ်စွာ လှူဒါန်းနိုင်ပါသည်။
- မည်သူ့ထံကိုမဆို မည်သည့်ဒေသ၌မဆို လှူဒါန်းနိုင်ပါသည်။

သို့ရာတွင် စနစ်တကျမရှိသော လှူဒါန်းမှုမျိုးနှင့် နိုင်ငံနှင့်လူမျိုး၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အပြုအမူများကိုမူ ရှောင်ရှားကြပါရန် နှိုးဆော်အပ်ပါသည်။

လေဘေးသင့်ဒေသများ ပြန်လည်တည်ဆောက်ရာတွင် စိုက်ပျိုးရေးကဏ္ဍ၌ နိုင်ငံတော်၏ ရည်မှန်းချက်ဖြစ်သည့် စက်မှုလယ်ယာကူးပြောင်းရေးကို အခွင့်အလမ်းတစ်ရပ်အဖြစ်ခံယူပြီး အကောင်အထည်ပေါ်လာအောင် ဝိုင်းဝန်းပံ့ပိုးပေး ဒေသတွင်း မူလရှိပြီးစိုက်ကေ အပြည့်အဝစိုက်ပျိုးရန်အပြင် ရေမြေကောင်းသောဒေသများ၌ အထွက်တိုးရေးဆောင်ရွက်

နေပြည်တော် ဇွန် ၄

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးသည် ဇွန် ၃ ရက် ညနေ၃နာရီတွင် ပုသိမ်မြို့ မြရော အစည်းအဝေးခန်းမ၌ နံနက်ပိုင်းတွင် လှည့်လည်ကြည့်ရှုခဲ့သည့် ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ်ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များအပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားသည်။

ယင်းသို့တွေ့ဆုံမှာကြားရာတွင် ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေးက နာဂစ်မုန်တိုင်းဝင်ရောက်ခဲ့သည်နှင့် တစ်ပြိုင်နက် အမျိုးသားအဆင့်ဖြင့် ယခင်ကတည်းက ဖွဲ့စည်းထားသည့် အမျိုးသားသဘာဝဘေး ကာကွယ်စောင့်ရှောက်ရေးဗဟိုကော်မတီသည် စတင်လှုပ်ရှားဆောင်ရွက်ခဲ့ပြီး ကူညီပံ့ပိုးရမည့် ဝန်ကြီးဌာနများ၊ ပြည်သူများ၊ ပုဂ္ဂလိကတိုင်းရင်းသားလုပ်ငန်းရှင်များအားလုံး အင်အားအပြည့်အဝ ပါဝင်ဆောင်ရွက်ခဲ့ကြသည့်အတွက် ပထမအဆင့် ကယ်ဆယ်စောင့်ရှောက်ရေးလုပ်ငန်းများ အချိန်တိုအတွင်းပြီးစီးပြီး ဒုတိယအဆင့် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နိုင်ခဲ့ပြီဖြစ်ကြောင်း။

ဤကဲ့သို့ ဧရာဝတီတိုင်းနှင့် ရန်ကုန်တိုင်းအတွင်း ကြီးမားသည့် သဘာဝဘေးအန္တရာယ် ကြုံတွေ့ရချိန်တွင် အခြားပြည်နယ်၊ တိုင်းများမှ ပြည်သူတစ်ရပ်လုံးက မိမိတို့ကိုယ်တိုင်ဒုက္ခခံစားရသကဲ့သို့ ကိုယ်ချင်းစာနာစိတ်ဖြင့် ငွေကြေး၊ အစားအသောက်အပြင် ကြက်ခြေနီတပ်ဖွဲ့များလည်း ပါဝင်ဆောင်ရွက်ခြင်း စသည်ဖြင့် **စာမျက်နှာ ၄ ကော်လံ ၁ သို့**

တွေ့ဆုံမှာကြား

နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးမောင်အေး ငပုတောမြို့နယ်နှင့် လပွတ္တာမြို့နယ် ဒေသများ၏ ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများနှင့် စပ်လျဉ်း၍ ဒေသတာဝန်ခံ ဝန်ကြီးများ၊ ဒေသတွင်း ကူညီဆောင်ရွက်နေသည့် တိုင်းရင်းသားလုပ်ငန်းရှင်များ အပါအဝင် တာဝန်ရှိသူများအား တွေ့ဆုံမှာကြားစဉ်။ (အပေါ်ပုံ) (သတင်းစဉ်)

ကြေးမုံ The Mirror

မြန်မာ့ဒီမိုကရေစီ ရွှေတံခါးကြီးကို ပြည်သူတို့က ဖွင့်လှစ်ပေးလိုက်ပြီ(၁)

တက္ကသိုလ်မြတ်သူ၏(ဆောင်းပါး)စာမျက်နှာ-၆

"အချို့နိုင်ငံကြီးငယ် များစွာတွင်ပင် အခြေခံဥပဒေကို ပြည်သူက ဆုံးဖြတ်ခြင်းပြုလေ့မရှိပေ။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ဟူသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြည်သူတို့ကိုယ်တိုင် ဆန္ဒပေး အတည်ပြုကြခြင်းဖြစ်ရာ ဒီမိုကရေစီနည်းအကျဆုံးဖြစ်ပေသည်။ ပြည်လုံးကျွတ်ဆန္ဒခံယူပွဲ ကျင်းပပြီး အခြေခံဥပဒေကို အတည်ပြုသော နိုင်ငံအနည်းငယ်မျှသာရှိရာ ထိုအနည်းငယ်တွင် မြန်မာနိုင်ငံ ပါဝင်ပေသည်။"